# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**



**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘော ရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ - ၁၄၇)



၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၇၂)


# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကျင်းပ

## ကျေးလက်နေတောင်သူဦးကြီးများအား ငွေကြေးဆိုင်ရာထောက်ပံ့မှုများ ထိရောက်စွာဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမဝါယမဦးစီးဌာနရုံး ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ နေပြည်တော်ကောင်စီဝင်များ၊ ဗဟိုသမဝါယမ အသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ INGO၊ NGO များ၊ သမဝါယမ အသင်းသူအသင်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် ကျင်းပရေးကော်မတီသစ်ဖွဲ့စည်း

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ၏အသံ ပိုမိုပါဝင်ရန်လိုအပ်

**သတင်း - ရဲခေါင်ညွန့်၊ သန့်စင်ဝင်း**

**ရန်ကုန် ဇူလိုင် ၁**

ပထမအကြိမ်ဖွဲ့စည်းခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများ (CSO)ဖိုရမ် ကျင်းပရေးကော်မတီလုပ်ငန်းတာဝန်လွှဲပြောင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များဆွေးနွေးခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ YMCA ခန်းမ၌ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အရပ်ဘက်အဖွဲ့အစည်းများမှ CSO ကိုယ်စားလှယ် ၂၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ငါးရက်တာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် လုပ်ငန်းကော်မတီသစ်ရွေးချယ်ခြင်း၊ ပထမအကြိမ်ဖွဲ့စည်းထားသည့် ကော်မတီ၏ လုပ်ငန်းစဉ်များလွှဲပြောင်းပေးအပ်ခြင်းနှင့် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်၏ လုပ်ငန်းလမ်းညွှန် (TOR) ရေးဆွဲခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ ဖြစ်မြောက်ရေးကော်မတီ တာဝန်ခံ ဦးသွင်လင်းအောင်က "ပြီးခဲ့တဲ့ အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်မှာ ကျွန်တော်တို့တွေက စာတမ်းတွေမတင်နိုင်ခဲ့ဘူး။ ကျွန်တော်တို့က ဒေသအလိုက်၊ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလို ဘောင်နဲ့ လုပ်ရတာ မဟုတ်ဘူး။ အရပ်ဘက်အဖွဲ့အစည်းက တစ်ပြည်လုံးမှာရှိနေတယ်။ တစ်ပြည်လုံးမှာ ဖြန့်လုပ်ရတဲ့အခါကြတော့ အချိန်ယူရတယ်။ အားလုံးမပါဝင်နိုင်ခဲ့ရင် လုပ်ငန်းစဉ်ကလည်း မကျေနပ်မှုတွေရှိနိုင်တယ်။ အချိန်ကိုမြန်လို့မရတော့ လုပ်ငန်းစဉ်ညှိတဲ့ ဖိုရမ်ကိုတစ်ခုကိုပဲ လုပ်နိုင်ခဲ့တယ်။ ဒါကြောင့် လုပ်ငန်းစဉ်ပဲ ထွက်လာတယ်။ ၂၁-ရာစုပင်လုံ ဒုတိယအစည်းအဝေးအတွက် ကျွန်တော်တို့မှာမူဝါဒတွေ၊ စာတမ်းတွေ မထွက်လာဘူး။ အခုကနေပြီးတော့ ကော်မတီသစ်ကဆက်လုပ်ပြီဆိုရင် စာတမ်းတွေ မူဝါဒတွေထွက်အောင် လုပ်ဆောင်သွားနိုင်မှာပါ"ဟုပြောသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✪

## ဒေသတွင်း ရေရှည်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်

*စာမျက်နှာ - ၄*

## မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

*စာမျက်နှာ - ၅*


ပထမ အမျိုးသား အာမခံ

FNI

FIRST NATIONAL INSURANCE

ASSURING PEACE OF MIND, THE ESSENCE OF LIFE

www.fnipublic.com

သောက ကင်းဝေး စိတ်အေးစေနိုင် FNI

- မော်တော်ယာဉ် အာမခံ
- မီး အာမခံ
- မြေလျှင် အာမခံ
- လေမုန်တိုင်း အာမခံ
- ရေကြီးရေလျှံ အာမခံ
- ဖောက်ထွင်းခိုးယူမှု အာမခံ
- ခရီးသွား အာမခံ
- ကျန်းမာရေး အာမခံ
- ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ

နှင့်

အခြားအာမခံများ

ကျော်ကြားနှင့် Survey ဝန်ဆောင်မှုများကို (၂၄)နာရီဝန်ဆောင်မှုပေးနေပါသည်။

| | |
|---|---|
| ရန်ကုန်(ရုံးချုပ်) | 01-8610661~5 |
| ရန်ကုန်(မရမ်းကုန်းရုံးခွဲ) | 01-9666163 |
| မန္တလေး | 02-2844525, 09-423687900 |
| မော်လမြိုင် | 057-26538, 09-442258990~1 |
| မုံရွာ | 071-26281, 09-442258992~3 |
| ပြည် | 053-24220, 09-442258994~5 |

မြန်မာ့အလင်း

# ပြုဖွယ်ရှိက ပြုရမည်သာ

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လုံခြုံရေးအခြေအနေသည် စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်ပေါ်လာကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်လိုက်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှသည် ယခုနှစ် ဇွန်လ ၃၀ ရက်အထိ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူ ၄၁ ဦးသေဆုံးကာ အကြမ်းဖက်သူများက ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၂၃ ဦးမှာလည်း ပျောက်ဆုံးလျက်ရှိသည်။ သတ်ဖြတ်ခံရသူများမှာ ဒေသခံတိုင်းရင်းသားများအပါအဝင် အပြစ်မဲ့ပြည်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နောက်ဆုံးသတင်းအရ ဖိလစ်ပိုင် အခြေစိုက် INGO အဖွဲ့အစည်းတစ်ခု၏ ဝန်ထမ်းတစ်ဦးပင် ပါဝင်လာခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၏အခြေအနေမှာ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသူများနှင့် အကြမ်းဖက်လိုသူများအကြား နီးစပ်မှု၊ ရောထွေးယှက်တင်နေမှုများနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှု၊ ဖမ်းဆီးသတ်ဖြတ်မှုများပြုလုပ်၍ လူမှုအသိုင်းအဝိုင်းများအတွင်း ရည်မှန်းချက်၊ ရည်ရွယ်ချက်ရှိရှိဖြင့် အကြောက်တရားများ ဖြစ်ပေါ်ဖိစီးလာအောင် ပြုလုပ်နေခြင်းပင်ဖြစ်သည်။

လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းသည် နိုင်ငံတကာက အာရုံစူးစိုက်သည့် နေရာတစ်ခုဖြစ်နေပြီး လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်များအောက်မှနေ၍ မိမိတို့နိုင်ငံအား ဖိအားပေးမှုများပြုလုပ်လျက်ရှိသည်။ စင်စစ်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားရာဒေသများမှာ ရခိုင်နှင့်တကွ အခြားမျိုးနွယ်စုဝင် တိုင်းရင်းသားများမှာ လူနည်းစုများဖြစ်ပြီး ၎င်းတို့၏ ခြိမ်းခြောက်ခံနေရသည့် အခြေအနေနှင့် နိစ္စဓူဝစိုးရိမ်ထိတ်လန့်စွာ နေထိုင်နေရသည့်ဘဝများကို မိမိတို့နိုင်ငံအား ဖိအားပေးမှုများ ပြုလုပ်နေသည့် နိုင်ငံများနှင့် ပြည်ပမီဒီယာများက မျက်ကွက်ပြုထားသည်မှာ အထင်အရှားပင်ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ လူနည်းစုများဟု ၎င်းတို့က ညွှန်းဆိုသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များအတွက် အချက်အလက်ရှာဖွေရေးမစ်ရှင်တစ်ခုကို အဖွဲ့ဝင် သုံးဦးဖြင့် ဖွဲ့စည်းလိုက်ကြောင်း ကုလသမဂ္ဂက မေ ၃၀ ရက်တွင် ကြေညာခဲ့ရာ နိုင်ငံတော်အစိုးရက လက်မခံဘဲ ပယ်ချခဲ့သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မတူကွဲပြားသည့် လူမှုအသိုင်းအဝိုင်းများကြားတွင် ရန်လိုမုန်းတီးမှုများကို ပိုမိုတိုးမြင့်ဖြစ်ပေါ်လာစေလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့ တည်ဆောက်လိုသည့် အပြန်အလှန်ယုံကြည်နားလည်မှုနှင့် သဟဇာတရှိရှိ အတူယှဉ်တွဲနေထိုင်မှုကို အထောက်အပံ့ပြုနိုင်မည်ဟု မယုံကြည်သလို လူမှုအသိုင်းအဝိုင်း နှစ်ခုစလုံးရှိ ကြောက်ရွံ့မှုများကိုလည်း ဖယ်ရှားပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမစ်ရှင်တွင် ပါဝင်သည့်အဖွဲ့ဝင် သုံးဦးတို့၏ နောက်ခံသမိုင်းကြောင်း မရှင်းလင်းမှု၊ သမာသမတ်ကျနိုင်ပါမည်လား စသည်တို့နှင့် စပ်လျဉ်း၍လည်း ဝေဖန်မှုနှင့် မေးခွန်းထုတ်မှုများရှိနေခဲ့သည်။ လူ့အခွင့်အရေးကောင်စီအပါအဝင် ကုလသမဂ္ဂအေဂျင်စီများသည် အမေရိကန်၊ ဗြိတိန်နှင့် ဥရောပသမဂ္ဂအပါအဝင် အနောက်နိုင်ငံများအတွက် စံနှုန်းတစ်မျိုးနှင့် အားနည်းသည့် နိုင်ငံငယ်များအပေါ်တွင် စံနှုန်းတစ်မျိုး ကျင့်သုံးနေကြောင်း နိုင်ငံရေးသုတေသီတို့က ထောက်ပြမှုများလည်း ရှိနေသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းသည် ပြည်ပမှ လက်နက်၊ ငွေကြေးနှင့် ကျွမ်းကျင်မှုအထောက်အပံ့များ နောက်ခံပြုထားသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည့်အပြင် မတည်ငြိမ်မှုများ ထပ်မံဖြစ်ပေါ်စေရန် လှုံ့ဆော်မှုများရှိနေသည့် ဒေသဖြစ်သည်။ ဒေသခံတိုင်းရင်းသားလူနည်းစုများနှင့် အေးချမ်းစွာနေထိုင်လိုသူ အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်တို့ကို ရန်ရှာခြိမ်းခြောက်ခံနေရသည့် ဒေသလည်းဖြစ်သည်။ အဆိုပါ ဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားများအပေါ်မူတည်၍ နိုင်ငံတော်အစိုးရ၏ လုံခြုံရေးအခြေအနေ သုံးသပ်ဆောင်ရွက် ချက်များ၊ လိုအပ်ပါကသင့်လျော်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင် သွားမည့်အပေါ် တိုင်းရင်းသား နိုင်ငံသားပြည်သူတစ်ရပ်လုံးက အပြည့်အဝနှစ်ထောင်းအားရ ကြိုဆိုထောက်ခံကြမည်သာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

# အောင်လအန်ဆန်အား တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများက ဂုဏ်ပြု

နေပြည်တော် ဇူလိုင် ၁

MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲတွင် လက်ရှိ ကမ္ဘာ့ချန်ပီယံ ရုရှားနိုင်ငံသားအား အနိုင်ရရှိခဲ့သူ အောင်လအန်ဆန်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ အား ယနေ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားရုံကြီး၌ ဇွန် ၃၀ ရက် ညပိုင်းက ကျင်းပခဲ့သည့် LIGHT OF A NATION MMA ပြိုင်ပွဲတွင် အဓိက ပွဲစဉ်အဖြစ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် MMA မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်လုပွဲတွင် လက်ရှိကမ္ဘာ့ချန်ပီယံဖြစ်သူ ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်အား မြန်မာအမျိုးသား ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သူ အောင်လအန်ဆန်က ငါးချီအပြည့် ထိုးသတ်၍ အနိုင်ရရှိခဲ့သည်။

ထိုသို့ တစ်ဖက်ယှဉ်ပြိုင်ဘက်အား မြန်မာစိတ်နှင့် ဇွဲ၊ သတ္တိ၊ အားမာန်အပြည့်အဝဖြင့် ရဲရဲဝံ့ဝံ့ယှဉ်ပြိုင်၍ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ထုတ်ဖော်ပြသပြီး MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ဆုကြီးအား ထိုက်တန်စွာ ရယူနိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ မိသားစုများက လှိုက်လှဲစွာဂုဏ်ပြု၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ပြုစာလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်ပုံက သွားရောက်ချီးမြှင့်ပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက အောင်လအန်ဆန်အား MMA မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့ခြင်းနှင့် ပတ်သက်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သောကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ပြိုင်ပွဲတွင်ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများလည်း အမြန်ဆုံးသက်သာပျောက်ကင်းပါစေကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဆုမွန်တောင်းစကားကို ဦးစွာပြောကြားပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်မှ ပေးပို့သည့် ဂုဏ်ပြုစာလွှာနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ရာ MMA မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်က လက်ခံရယူသည်။

ထို့နောက် အောင်လအန်ဆန်က ယခုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ မိသားစုအားလုံးကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိအနေဖြင့်လည်း ယခုထက် နှစ်ဆ ပိုမိုကြိုးစားသွားမည်ဖြစ်ကြောင်းနှင့် ချန်ပီယံခါးပတ်ဆုကြီးအားလည်း ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား အမှတ်တရလက်ဆောင်အဖြစ် လက်ဝှေ့အိတ်ကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# မြဝတီမြို့၌ ရွှေထည်ဝယ်ယူသူများအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချခြင်းအစီအစဉ် စတင်



မြဝတီ ဇူလိုင် ၁

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ ရွှေဆိုင်များအားလုံး ရွှေထည်နှင့်လက်ဝတ်ရတနာဝယ်ယူသူများအတွက် ကျသင့်အခွန်နှင့် ညီမျှသည့် တန်ဖိုးအတိုင်းကပ်နှိပ်ထုတ်ပေးသည့် အစီအစဉ်ကို ယနေ့ ဇူလိုင် ၁ ရက်မှစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ရွှေထည်ပစ္စည်းဝယ်ယူတဲ့သူတွေကို ဝယ်ယူမယ့် တန်ဖိုးပေါ်မှာ ကုန်သွယ်ခွန် ၁ ရာခိုင်နှုန်း ကောက်ခံမှာပါ။ အဲ့ဒီ ရွှေထည်မှာ ကျောက်မျက်ရတနာပါဝင်ပါက ကျောက်မျက်ရတနာအတွက် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမှာပါ"ဟု ရတနာထွန်းဆိုင်ပိုင်ရှင်က ပြောကြားသည်။

ရွှေထည်ဝယ်ယူသူများအနေဖြင့် ရွှေထည်အတွက် ၁ ရာခိုင်နှုန်းကို အဆင်ပြေလက်ခံနိုင်သော်လည်း ကျောက်မျက်ရတနာအတွက် ၅ ရာခိုင်နှုန်းကောက်ခံခြင်းကို လျှော့ချပေးဖို့ လိုလားလျက်ရှိပြီး မြဝတီမြို့နယ်အတွင်း ရွှေဆိုင်ပေါင်း ၃၀ ခန့်ရှိကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၇-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၇၀၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၃ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၁ ·၈၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၀ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၆၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၅၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် အရောင်းပြခန်းများအား ကြည့်ရှုစဉ် (သတင်းစဉ်)

✻ ***ရှေ့ဖုံးမှ***

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်စျေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ခွဲဝေခံစားနေ**

ယင်းနောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို အဆိုပါ သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ အခမ်းအနားသည် မြန်မာနိုင်ငံတွင် (၂၃) ကြိမ်မြောက် ကျင်းပသည့် အပြည်ပြည် ဆိုင်ရာသမဝါယမနေ့အခမ်းအနားဖြစ် ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ သမ ဝါ ယမနေ့ ဆောင်ပုဒ်ဖြစ်သည့် " Co-operatives ensure no one is left behind - အားလုံးပါဝင် အရောက် လှမ်းချီ သမဝါယမပန်းတိုင်ဆီ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမအသင်း အဖွဲ့များအနေဖြင့် လူမျိုးရေး၊ ဘာသာ ရေး၊ လူမှုရေး၊ နိုင်ငံရေး၊ အမျိုးသားနှင့် အမျိုးသမီး ခွဲခြားဆက်ဆံမှုများမရှိဘဲ လူသားအားလုံးလွတ်လပ်စွာ ပူးပေါင်း ပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း၊ သမဝါယမ အသင်းအဖွဲ့များသည် ငွေကြေးအရင်းအနှီး ဗဟိုပြုအဖွဲ့အစည်း မျိုးမဟုတ်ဘဲ ပြည်သူဗဟိုပြုအဖွဲ့အစည်း မျိုးဖြစ်သည့်အတွက် အသင်းအဖွဲ့၏ အသင်းသားပေါင်း တစ်ဘီလီယံကျော် ပါဝင်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ လူဦးရေသန်း ၂၅၀ ကျော်သည် သမ ဝါယမလုပ်ငန်းများနှင့် အသက်မွေးဝမ်း ကျောင်းလျက်ရှိနေသည်ကို တွေ့ရှိရပါ ကြောင်း။

**အထောက်အကူပြု**

သမဝါယမများကို ကမ္ဘာ့ကုလသမဂ္ဂ ဆိုင်ရာ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့ (UNESCO) က မျက်စိဖြင့် မမြင်နိုင်၊ ကိုင်တွယ်ထိတွေ့၍ မရသော လူသားချင်း ကိုယ်ချင်းစာနာမှုဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်စာရင်း (List of intangible cultural heritage of humanity) တွင် ဖြည့်သွင်း သတ်မှတ် ခဲ့ပါကြောင်း၊ မညီမျှမှုများနှင့် ပဋိပက္ခ စိန်ခေါ်မှုများကို လျော့ပါးသက်သာစေ ရန် သမဝါယမများကလည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုဆောင် ရွက်သွားရမည် ဖြစ်ပါကြောင်း။

မြန်မာ့သမဝါယမကဏ္ဍအနေဖြင့် လည်း ကျေးလက်နေတောင်သူဦးကြီး များအား ငွေကြေးဆိုင်ရာထောက်ပံ့မှု များကို ထိရောက်စွာ လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိပြီး လက်ရှိရရှိထား သည့် အောင်မြင်မှုအရှိန်အဟုန်အတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ သမဝါယမဦးစီး ဌာနနှင့် သမဝါယမအသင်းအဆင့်ဆင့် တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သမ ဝါယမအသင်းသား တောင်သူဦးကြီးများ ကို အသေးစားအရင်းအနှီးချေးငွေအဖြစ် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ငွေကျပ် ၅၁၂ ဒသမ ၇၇ ကေအတွက် ချေးငွေကျပ် ၁၁ ဒသမ ၀၃၂ ဘီလီယံတို့ ထုတ်ချေးထား သည်ကို တွေ့ရှိရပါကြောင်း၊ သတ္တမ အကြိမ်မြောက်အတွက် တာဝန်ကျေ ပြန်လည်ပေးဆပ်ပြီးသည့် စိုက်ပျိုးရေး လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ် များမှာ သမဝါယမကဏ္ဍက ပါဝင် အကောင်အထည်ဖော် ဆောင်ရွက်နေ ခြင်းသည်လည်း တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြု



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

ကြွယ်ဝချမ်းသာမှု၊ ဖွံ့ဖြိုးတိုးတက်မှု များကို ပိုမိုမျှတသည့်နည်းလမ်းဖြင့် ခွဲဝေခံစားနေကြသည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ် (ICA) တွင် အဖွဲ့ဝင် ၉၅ နိုင်ငံ ရှိပြီး အဖွဲ့ဝင်အသင်းပေါင်း ၂၈၄ သင်း၊ ဒသမ ၅၄၇ ဘီလီယံနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ငွေကျပ် ၅၁၅ ဒသမ ၉၅၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အရစ်ကျစနစ်ဖြင့် လယ်ယာသုံးစက်ကိရိ ယာမျိုးစုံ စီးရေ ၃၄၈၈ စီး၊ တန်ဖိုးငွေ ၂၅ ဒသမ ၄၅ ဘီလီယံနှင့် အဆင့်မြင့် စက်မှုလယ်ယာပြုပြင်ခြင်းတွင် ၃၅၇၂၈ သမဝါယမ အသင်းသားများအတွက် အဋ္ဌမအကြိမ်အဖြစ် ပေးအပ်မည့် ချေးငွေ များကိုလည်း သက်ဆိုင်ရာတိုင်းဒေသ ကြီးနှင့် ပြည်နယ်အတွင်းရှိ သမဝါယမ အသင်းသားများသို့ စနစ်တကျ အမြန် ဆုံး ဆက်လက်ထုတ်ချေးပေးသွား ရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသမ ဝါယမနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာ့ သမဝါယမအဖွဲ့အစည်းအနေဖြင့်လည်း လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံ ရေး၊ အမျိုးသားနှင့်အမျိုးသမီးရေးရာ ခွဲခြားမှုမရှိစေဘဲ သမဝါယမအသင်းသား ပြည်သူတစ်ဦးတစ်ယောက်မျှ နောက် ကျန်ခဲ့ခြင်းမျိုးမရှိစေဘဲ လူသားအားလုံး လွတ်လပ်စွာပူးပေါင်းပါဝင်စေပြီး သမ ဝါယမအောင်မြင်ရေး ပန်းတိုင်ဆီသို့ လက်တွဲညီညီ အတူတကွလှမ်းကြပါစို့ဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အပြည်ပြည် ဆိုင်ရာသမဝါယမနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ တိုးနန္ဒာ တင်က အပြည်ပြည်ဆိုင်ရာသမဝါယမ အဖွဲ့ချုပ်မှပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဆုများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တာဝန်ရှိသူများက နေ ပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမ အသင်းစုချုပ်များသို့ အသေးစား အရင်းအနှီးချေးငွေ ကျပ် ၅၂၉ ဒသမ ၅၃ ဘီလီယံ တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ အရစ်ကျငွေချေ စနစ်ဖြင့် ရောင်းချထားသည့် လယ်ယာ သုံးစက်ကိရိယာမျိုးစုံစီးရေ ၂၀၀၀ ကျော် အတွက် ပံ့ပိုးငွေကျပ် ၉ ဒသမ ၄၅ ဘီလီ ယံနှင့် လယ်ယာမြေအဆင့်မြှင့်တင်ရေး လုပ်ငန်း ဧက ၂၉၀၀၁ ဧကအတွက် ချေးငွေ ကျပ် ၈ ဒသမ ၅၉ ဘီလီယံတို့ကို ပေးအပ်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ တို့တွင် စွမ်းဆောင်ရည်အကောင်းဆုံး ဆုရရှိသည့်အသင်းများ၊ အမြင့်မားဆုံး စွမ်းဆောင်နိုင်သည့်အသင်းများ၊ စွမ်း ဆောင်ရည်အကောင်းဆုံးမြို့နယ် ပထမ၊ ဒုတိယ၊ တတိယရရှိသူများနှင့် အကောင်း ဆုံးပြခန်းများကို ဆုများပေးအပ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနား သို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ် (International Cooperative Alliance- ICA) ကို ၁၈၉၅ ခုနှစ်တွင် နိုင်ငံတကာတွင်ရှိသည့် သမ ဝါယမအသင်းများအချင်းချင်း ချစ်ကြည် ရင်းနှီးစွာပေါင်းသင်းဆက်ဆံရန်နှင့် စီး ပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက် မှုများ တိုးတက်လာစေရန်ဟူသည့် ရည် ရွယ်ချက်များဖြင့် ၁၉၂၃ ခုနှစ်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလာခဲ့ ကြောင်း သိရသည်။

၁၉၉၄ ခုနှစ်တွင် ကျင်းပသည့် (၄၉) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံက နှစ်စဉ်ဇူလိုင်လ၏ ပထမ စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမ ဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ သဖြင့် ကမ္ဘာအရပ်ရပ်တွင်ရှိသည့် သမ ဝါယမအဖွဲ့အစည်းများ အနေဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်း အနားများကို နိုင်ငံအလိုက် နှစ်စဉ်ကျင်းပ ခဲ့ကြသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ဝင်များ ရန်ကုန်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့ဝင်များသည် ယနေ့ ညနေ ၅ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ UNHCR ရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အတူ အဖွဲ့ဝင်လေးဦး လိုက်ပါလာပြီး ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရန်စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဒေသတွင်း ရေရှည်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ
## "ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်"

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)**

၁။ ပြီးခဲ့သည့် သီတင်းပတ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းအခြေအနေများတွင် အပြစ်မဲ့ အရပ်သား ပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကို လူမဆန်စွာ သတ်ဖြတ်ခံရမှုများ၊ နှစ်ဖက်အသိုင်းအဝိုင်းများအပေါ် အကြမ်းဖက်ခြိမ်းခြောက်မှုများ ပါဝင်ခဲ့ပါသည်။ လတ်တလောဖြစ်စဉ်များအနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်အတွင်း မြန်မာ့တပ်မတော်သည် အကြမ်းဖက်အဖွဲ့အစည်းများ ဆောင်ရွက်ထားရှိသည့် လူလုပ်ဥမင်လိုဏ်ခေါင်းများနှင့်လက်နက်များကို ရှာဖွေတွေ့ရှိခဲ့ပြီး အင်္ဂါနေ့တွင် ရခိုင်တိုင်းရင်းသား ငါးဖမ်းသမားများကို တိုက်ခိုက်ခံရမှုများ ဖြစ်ပွားခဲ့ပါသည်။

၂။ ရခိုင်ပြည်နယ်မြောက်ပိုင်း အခြေအနေများ မတည်ငြိမ်စေရန် ရည်ရွယ်ဆောင်ရွက်လာသည့် အဆိုပါတိုက်ခိုက်မှုများနှင့် ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှုများနှင့် မတည်ငြိမ်မှုများ ထပ်မံဖြစ်ပေါ်စေရန် လှုံ့ဆော်နေမှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်တင်ရှုတ်ချပါသည်။

၃။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လတ်တလောဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်မှုမှ အစပြု၍ ပြည်ပမှ လက်နက်နှင့် ငွေကြေး အထောက်အပံ့များရယူပြီး အကြမ်းဖက်သင်တန်းများ ပေးနေသည့် အစွန်းရောက် အကြမ်းဖက်သမားများမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သက်သေအထောက်အထားများအရ သိရှိရပါသည်။

၄။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့်လည်း ဒေသတွင်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသည့် အစွန်းရောက်အကြမ်းဖက်သမားများကို ဖော်ထုတ်နိုင်ရေးနှင့် အမြစ်ပြတ်ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ဖြစ်စဉ်များဖော်ထုတ်ခြင်း၊ ဖမ်းဆီးခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်ပေါ်နေသည့် အခြေခံအကြောင်းတရားများပေါ်မူတည်၍ လုံခြုံရေးအခြေအနေ သုံးသပ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုအပ်ပါက သင့်လျော်သည့် ဆောင်ရွက်ချက်များ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၆။ လက်ရှိအခြေအနေ၌ အစွန်းရောက်အကြမ်းဖက်မှုများကို ဖော်ထုတ်ရှင်းလင်းလျက်ရှိသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ပြီး ဒေသတွင်း ရေရှည်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**(သတင်းထုတ်ပြန်ချက်၏ နောက်ဆက်တွဲ)**

**ရခိုင်ပြည်နယ်မြောက်ပိုင်းအခြေအနေ ရှင်းလင်းချက်**

**လုံခြုံရေးအခြေအနေ**

- ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်အထိ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်တွင် အပြစ်မဲ့အရပ်သား ၃၈ ဦး အသတ်ခံခဲ့ရပါသည်။ ယင်းအချိန်ကာလအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူး ၄ ဦးအပါအဝင် နောက်ထပ်အရပ်သား ၂၂ ဦးပျောက်ဆုံးခဲ့ခြင်း သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်ခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။
- ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း သတ်ဖြတ်ခံရသူများနှင့် ပျောက်ဆုံးသူအရေအတွက်မှာ စိုးရိမ်ဖွယ်မြင့်တက်လာခဲ့ပါသည်။ ပြီးခဲ့သည့် သီတင်း၂ပတ်အတွင်း အပြစ်မဲ့အရပ်သား ၆ ဦး အသတ်ခံခဲ့ရပြီး၊ ၂ ဦးမှာ ပျောက်ဆုံးခြင်း သို့မဟုတ် ဖမ်းဆီးခေါ်ဆောင်ခံရခြင်းများ ဖြစ်ပွားခဲ့ပါသည်။
- ထို့ပြင် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း အစွန်းရောက် လှုပ်ရှားမှုများ တိုးမြင့်လာသည့် အထောက်အထားများကို မြန်မာ့တပ်မတော်က ရှာဖွေတွေ့ရှိခဲ့ပါသည်။ ဇွန်လ ၂၀ ရက်နေ့တွင် လူလုပ်လိုဏ်ခေါင်းများ၊ လက်နက်များနှင့် အကြမ်းဖက်သမားများ ဆက်နွှယ်နေသည့် အကြမ်းဖက်စခန်းတစ်ခုတို့ကို ဘူးသီးတောင်-မောင်တောဒေသရှိ မေယုတောင်ကြောတွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။
  - လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကျယ် ၅ ပေ၊ အမြင့် ၄ ပေ၊ အရှည် ပေ ၈၀ ရှိ လူလုပ်လိုဏ်ခေါင်းအပြင် လုပ်သေနတ်များ၊ လူနေတဲများ၊ စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အကြမ်းဖက်သမားများအတွက် သင်တန်းပေးရန်နှင့် နေထိုင်ရန်တို့အတွက် အသုံးပြုသည့် အခြားပစ္စည်းများအပါအဝင် အကြမ်းဖက်သင်တန်းဟု ယူဆရသည့် စခန်းများ အသုံးပြုနေမှုကို တိကျခိုင်မာသည့် အထောက်အထားများ ရှာဖွေတွေ့ရှိခဲ့ပါသည်။
- လုံခြုံရေးတပ်ဖွဲ့ဝင်များမှာလည်း ပြန်လည်တိုက်ခိုက်ခံနေရပြီး၊ ဇွန်လ ၂၇ ရက်နေ့တွင် မျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်သမား ၁ ဦးကလည်းကောင်း၊ နောက်တစ်နေ့တွင် အကြမ်းဖက်သမား ၂ ဦးက လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိမိကိုယ်ကိုကာကွယ်သည့်အနေဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမား ၃ ဦးစလုံးကို အသေဖမ်းဆီးရမိခဲ့ပါသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအခြေအနေ**

- လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပဋိပက္ခဒဏ်ခံပြည်သူ ၉၅ %ကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါအကူအညီကို နိုင်ငံတော်အစိုးရနှင့် ဒေသခံအစိုးရများ၊ နိုင်ငံတကာ NGOs များ စုပေါင်း၍ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ပါသည်။

**(သတင်းထုတ်ပြန်ချက်၏နောက်ဆက်တွဲ၏အဆက်)**

  - နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့အထိ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီ အမေရိကန်ဒေါ်လာ ၁ . ၉၆ သန်း (မြန်မာကျပ်ငွေ ၂၆၇၂ . ၃၅၂ သန်း) ထောက်ပံ့ပေးပြီး ဖြစ်ပါသည်။
  - အဆိုပါ အကူအညီကို ပဋိပက္ခဖြစ်ပွားနေသည့် ဒေသတွင်း နှစ်ဖက်အသိုင်းအဝိုင်းများကို ပံ့ပိုးပေးခဲ့ခြင်း ဖြစ်ပါသည်။
  - ထို့ပြင် အစိုးရအနေဖြင့် အဆိုပါဒေသများသို့ ကျန်းမာရေးနှင့် ပညာရေးအထောက်အပံ့များလည်း ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါသည်။ နယ်လှည့်ကျန်းမာရေးအဖွဲ့ ၄၀ မှ ကျေးရွာပေါင်း ၂၀၈ ရွာနှင့် ယာယီဒုက္ခသည်စခန်းများမှ ပြည်သူ ၁၀၇၀၀၀ ကျော်ကို ဆေးကုသမှုများ ဆောင်ရွက်ခဲ့ပါသည်။ ဝန်ကြီးဌာနများမှလည်း ရခိုင်ဒေသခံပြည်သူများကို အသက်မွေးဝမ်းကျောင်းမှုနှင့် ပညာပေးအစီအစဉ်များကိုလည်း ပေးအပ်ခြင်းနှင့် မူဆလင်ကျေးရွာများရှိ အစိုးရကျောင်းပေါင်း ၂၀ ကို ပြန်လည်ပြင်ဆင်ရန် ရန်ပုံငွေပေးအပ်ခြင်းနှင့် ထောက်ပံ့ပေးမှုများ အပါအဝင် ၂၀၁၇-၁၈ ပညာသင်နှစ်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းပေါင်း ၃၀၀ ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ယာယီ ပိတ်ထားခဲ့သည့် မောင်တောဒေသရှိ စာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါသည်။
- ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း ၃ ခုကို ပိတ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၅၅ စုကိုရွေးချယ်၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ပါသည်။
  - ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် တင်ပြထားသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

# ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အဌမအကြိမ် မြန်မာ-ထိုင်းပူးတွဲညှိနှိုင်းရေးကော်မတီစည်းဝေး

**နေပြည်တော် ဇူလိုင် ၁**

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အဌမအကြိမ် မြန်မာ-ထိုင်းပူးတွဲညှိနှိုင်းရေးကော်မတီ (8th JCC) အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Arkhom Termpittayapaisith ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ဒေသများ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ဆွေးနွေးရာတွင် ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်းနှစ်ဖက်ပူးပေါင်း၍ အမြန်ဆုံးဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာ-ထိုင်းနယ်စပ်ဆက်သွယ်မည့် နှစ်လမ်းသွားကားလမ်းတည်ဆောက်ရေးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်၏ ကနဦးစီမံကိန်းအပိုင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ယင်းလုပ်ငန်းနှစ်မျိုးလုံးအတွက် ပူးတွဲအထူးလုပ်ငန်းအဖွဲ့များ ထူထောင်ဖွဲ့စည်းရေးတို့ကို အမြန်ဆုံးအကောင်အထည်ဖော်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် ဇွန် ၂၉ ရက်က LaemChabang ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ Single Rail Transfer Operator Project နှင့် Motorway Control တို့သို့ သွားရောက်လေ့လာခဲ့သည်။



အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာဦးနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ မြင့်ဆန်းတို့ လိုက်ပါတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

**ရေတာရှည် ဇူလိုင် ၁**

ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တောင်ငူမြို့ အမှတ်(၁၂) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူး အုန်းကျော်က မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုလျက်ရှိသော လက်ဝဲ/လက်ယာမောင်းနှင်သည့်စနစ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လမ်းလျှောက်ခြင်းနှင့် လမ်းဖြတ်ကူးရာ၌ သတိပြုရမည့်အချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆွာနယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် ညီညီဌေးက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များအား ဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ် ကျော်လွန်နိုင်

ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။ **(မိုး/ဇလ)**

# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေ ၉ လမ်းနှင့် ၇၀၊ ၇၃ လမ်းကြားရှိ အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက် ပါဠိနယူပဒေသာကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌွေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ ဝန်ထမ်းများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းလောင်းလှူဒါန်းကြပြီး ဆရာတော်ကြီးများက ရွတ်ပွားချီးမြှင့်တော်မူသည့် အောင်ဂါထာတော်မြတ်ကို နာယူကြည်ညိုကြသည်။






ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးအဆောက်အအုံသစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံသစ်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်း၊ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်နှင့် ဒေါ်သီတာငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တိုင်းဒေသကြီး လွှတ်တော်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က လွှတ်တော်အဆောက်အအုံသစ် ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် သစ်ပင်များ စိုက်ပျိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများသည် လွှတ်တော်ရုံး မျက်နှာစာတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ လွှတ်တော်ရုံး အဆောက်အအုံသစ်အတွင်း တည်ထားကိုးကွယ်မည့် ဗုဒ္ဓရုပ်ပွားတော်အား ဆရာတော်၊ သံဃာတော်များက အနေကဇာတင်လှူပူဇော်ကြပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့နှင့် အာဆီယံသွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့်သာမကဘဲ စည်ပင်သာယာရေးဌာန၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သာရေးနာရေး အသင်းများ၊ ပညာရေးဌာန စသည်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကျောင်းကျန်းမာရေးအနေဖြင့် ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ပညာပေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို မိမိတို့အိမ်တွင် အနည်းဆုံးတစ်ပတ်တစ်ခါ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မိမိတို့ကိုယ်တိုင် ပြုလုပ်လာတတ်စေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြင့်သော်လည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က အမှာစကားပြောကြားပြီး ယင်းနောက် အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုသည်။

အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (သွေးလွန်တုပ်ကွေး/ ဆင်ခြေထောက်)၊ ဒေါက်တာဇော်လင်းက Overview of “National Plan for Malaria Elimination in Myanmar 2016-2030” ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး (ငှက်ဖျား)၊ ဒေါက်တာအောင်သီက “National Malaria Strategic Plan (NSP) for Intensifying Malaria Control and Accelerating Progress toward Malaria Elimination 2016-2020” and “Monitoring and Evaluation Plan 2016-2020” ကိုလည်းကောင်း တင်ပြကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေး

**လွိုင်လင် ဇူလိုင် ၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရန် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပိုးလောက်လမ်းပေါက်ပွားမှုမရှိစေရန် အဘိတ်ဆေးခပ်ခြင်း၊ “ဖုံး၊ သွန်၊ လဲ၊ စစ်” သရုပ်ပြခြင်းတို့ကို ဇူလိုင် ၁ ရက်က အမှတ်(၄)ရပ်ကွက်နေ ပြည်သူတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ကျန်းမာရေးမှူး ဦးတင်မောင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ NGO အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က တစ်အိမ်တက်ဆင်းကွင်းဆင်းဆောင်ရွက်ကြရာ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် ခရိုင်ဆရာဝန်ကြီး ဒေါက်တာ ဇေယျတို့က လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်မှုစာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC) ခန်းမ၌ ဇွန်လနောက်ဆုံးပတ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်မှု စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှူး (ငြိမ်း) ပါမောက္ခ ဒေါက်တာဒေါ်ပိုက သဘာပတိအဖြစ်ဆောင်ရွက်ပြီး စာတမ်းရှင်သုံးဦးက စာတမ်းများ ဖတ်ကြားခဲ့သည်။

ဒေါက်တာ ထက်ထက်အောင် (တွဲဖက်ပါမောက္ခ၊ဌာနမှူး မြန်မာစာဌာန မအူပင်တက္ကသိုလ်)က “မြန်မာအမျိုးသမီးများနှင့် ယဉ်ကျေးမှုရာ” စာတမ်းကိုလည်းကောင်း၊ ဒေါက်တာ ကြည်ဖြူဦး (လ/ထ ကထိက ဒဂုံတက္ကသိုလ်) က “အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် ဥပဒေအကာအကွယ် ” စာတမ်းနှင့် ဒေါက်တာ ခင်သီတာတင် (ညွှန်ကြားရေးမှူး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)က “မြို့ရွာကျေးလက်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု” စာတမ်းအား ဖတ်ကြားခဲ့ သည်။

စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းမှ ဖိတ်ကြားထားသူများ၊ ရန်ကုန်တက္ကသိုလ်များမှ ကျောင်းသူများ၊ တက်ရောက်ခဲ့ကြသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**



# သာသနာတော်သန့်ရှင်းရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်သာသနာခရီး

**— — — ဇာနည်(စီးပွားရေး) — — —**

သာသနာတော်သန့်ရှင်းရေးအကြောင်းအရာကို မတင်ပြမီ သာသနာတော်ပေါ်ထွန်းလာမှုကို ဦးစွာတင်ပြသွားမည်ဖြစ်ပါသည်။ သာသနာနှစ်မတိုင်မီ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘီစီ-၅၈၈)တွင် ဉာဘဒ္ဒကမ္ဘာ၏ လေးဆူမြောက် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်ပွင့်ထွန်းတော်မူခဲ့ပြီး ၄၅ ဝါပတ်လုံး သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးချော့ချတ်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခု (ဘီစီ-၅၄၃)တွင် မဟာပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော ပိဋကတ်အားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် တရားတော်များကို မူလအတိုင်း သင်ယူကျင့်ပွားလိုက်နာရသော အသိအကျင့် ဒွန်တွဲထားသည့် သာသနာဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ လူအများကိုးကွယ်ယုံကြည်မှုကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကို ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသော ဘာသာသာသနာအဖြစ် အသိအမှတ်ပြုထားခြင်းဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် အနန္တသတ္တဝါများအား လောကသံသရာမှလွတ်မြောက်အောင် တရားဓမ္မများကို လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပြည့်စုံစွာညွှန်ပြဟောကြားထားတော်မူခဲ့ပြီးဖြစ်ပါသည်။ ထိုညွှန်ပြထားခဲ့သောလမ်းကြောင်းကို အတိမ်းအစောင်းခံ၍ မရနိုင်သကဲ့သို့ တရားတော်များ၏ မူရင်းအနှစ်သာရမပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မှာလည်း အရေးကြီးလှပေသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးစအချိန်တွင် ရာဇဂြိုဟ်ပြည်၌ သုဘဒ္ဒရဟန်းကြီးကဲ့သို့ ရဟန်းဆိုးများပေါ်ပေါက်လာသဖြင့် အရှင်မဟာကဿပ အမှူးပြုသည့် မထေရ်မြတ်ကြီးများ အဆက်ဆက်တို့က ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာတိုင်အောင် သင်္ဂါယနာ ၆ တန်တင်၍ သာသနာတော် သန့်ရှင်းစင်ကြယ်အောင် အဆက်ဆက်သော အစိုးရများ၏ အကူအညီဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၄၁၉ တွင် အနော်ရထာမင်းသည် သထုံမှ ကြွလာသော ရှင်အရဟံဟောကြားသည့် တရားစကားကို နာကြားရ၍ ကြည်ညိုစိတ်ဖြစ်ကာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးဖြင့် ထောက်ပံ့သည့်အပြင် ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့်သထုံမှ ပိဋကတ်တော်များကို ပင့်ကာ မိမိရော၊ တိုင်းသူပြည်သားများပါ တရားတော်အတိုင်း လိုက်နာကျင့်သုံးခြင်းဟူသော ဓမ္မပူဇာဖြင့် ပူဇော်သောကြောင့် ဗုဒ္ဓသာသနာတော်သည် ယနေ့တိုင်အောင် မြန်မာနိုင်ငံ၌ တည်တံ့ခိုင်မြဲ၍ ထွန်းကားကျယ်ပြန့်ခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ဂိုဏ်းပေါင်းစုံသံဃာ့မထေရ်ကြီးများနှင့် နိုင်ငံတော်အစိုးရတို့၏ ဆရာဒကာညီညွတ်မှုကြောင့် သာသနာဝင်သမိုင်းလိုအပ်ချက်အရ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ကြီး ပေါ်ပေါက်အောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ "သုခါ သံဃဿ သာမဂ္ဂီ-သမဂ္ဂါနံ တပေါ သုခေါ" သံဃာညီညွတ်မှုကို အကြောင်းပြု၍ ထေရဝါဒဗုဒ္ဓသာသနာ ခိုင်မြဲစေရန်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့လျှင် ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်သော ပြည်သူလူထုနှင့် အုပ်ချုပ်သူအဆက်ဆက်တို့က ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့် လက်တွဲ၍ ဆရာဒကာ ညီညွတ်စွာ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးအား ချီးမြှင့်ထောက်ပံ့ခဲ့သည်မှာ ယနေ့အချိန်အထိပင်ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာတော် ညှိုးမှိန်စေရာသော ကိစ္စရပ်များ ပေါ်ပေါက်လာသည့်အခါတိုင်း သံဃာ့အဖွဲ့အစည်းကြီး၏ ဓမ္မစက်အရှိန်အဝါကြီးမားအောင် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဓမ္မစက်ကို ဝန်းရံထောက်ကူပေးသော အာဏာစက် အကူအညီဆိုသည်မှာ ယနေ့ခေတ်တွင် ပြဋ္ဌာန်းထားသည့် သံဃာ့အဖွဲ့အစည်းဆိုင်ရာ တည်ဆဲဥပဒေများဖြစ်၍ သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရန် လျော်ကန်ညီညွတ်သော တရားဥပဒေများဖြစ်ကြပါသည်။

ဓမ္မဝါဒနှင့်အညီ ဆုံးဖြတ်နိုင်ရန်မှာ ဥပဒေ၏ အထောက်အပံ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်နိုင်မှသာ သံဃာ့အဖွဲ့အစည်းကြီးကို ပံ့ပိုးကူညီရာရောက်မည်ဖြစ်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထိန်းသိမ်းရာရောက်မည်ဖြစ်ပါသည်။

**ယနေ့မျက်မှောက်ခေတ်တွင် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သပ်လျှိုနေသည့် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားလျက်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များရှိနေ၊ ထိုကဲ့သို့ဘာသာရေး၊ လူမျိုးရေးကို သွေးခွဲ၍ ဘာသာရေးကို နိုင်ငံရေး ဒိုင်းသဖွယ် အသုံးပြုလာခြင်းသည် အနာဂတ် မြန်မာနိုင်ငံသာသနာတော်အတွက် လွန်စွာစိုးရိမ်ရ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပရိယတ္တိပညာအရည်အချင်း ဓမ္မာစရိယအဆင့်ရှိ ကျမ်းဂန်တတ်ဝိနည်းဓိုရ်ဆရာတော်များ ပါဝင်ကြပါသည်။ ဝိနည်းဓိုရ် အဖွဲ့သည် မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် နိုင်ငံတော်အဆင့်ဟူ၍ အဆင့်ဆင့်ရှိပါသည်။

အဆင့်ဆင့်သော ဝိနည်းဓိုရ်အဖွဲ့များက အငြင်းပွားမှု (ဝိဝါဒါဓိကရုဏ်းမှု)၊ စွပ်စွဲခံရမှု (အနုဝါဒါ ဓိကရုဏ်းမှု)များကို အဆင့်အလိုက် အသီးသီးဆုံးဖြတ်ကြပြီး သာသနာတစ်ရပ်လုံးနှင့် သက်ဆိုင်သော ဓမ္မ၊ အဓမ္မအထူးကိစ္စများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ပါသည်။ ဝိနည်းဓိုရ်ဆရာတော်များက ထေရဝါဒပိဋကတ်ကျမ်းစာများနှင့်အညီ ဓမ္မ၊ အဓမ္မ ဆုံးဖြတ်ချက်များ ချမှတ်ပေးလျက်ရှိပါသည်။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်ကာလများ၌ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်သည် သာသနာတော်အရေးသုံးပါးဖြစ်သော သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ရေးနှင့် ပြန့်ပွားရေး အစရှိသည့် ဦးတည်ချက်များကို ဓမ္မစက်၊ အာဏာစက်နှစ်ရပ်ကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ပေါ်ပေါက်ခဲ့ပြီးနောက် သာသနာတော်သန့်ရှင်းရေးကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်သန့်ရှင်းရေးနှင့် ဓမ္မသန့်ရှင်းရေး နှစ်မျိုးစလုံးကို တစ်ဆင့်ပြီးတစ်ဆင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါသည်။

ဥပမာအားဖြင့် ပုပ္ပါးဦးပရမဝဏ္ဏသိဒ္ဓိ၊ သိမ်ဖြူဆေးသိပ္ပံဘုန်းကြီး၊ မုတ်ကျွန်းဓာတ်ဘုန်းကြီး၊ တောင်တွင်းကြီးဓာတ်ဘုန်းကြီး၊ ရတနာပုံဓမ္မကထိက၊ နေရှင်းဓမ္မကထိက စသဖြင့် ရန်ကုန်-မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ ဝိနည်းတော်အရ ရဟန်းအဖြစ်မထိုက်လျော်တော့သည့် ပုဂ္ဂိုလ် ၂၀၀ ကျော်တို့အား သာသနာတော်သန့်ရှင်းရေးအတွက် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ကျောင်းပိုင်ကျောင်းထိုင် အဆက်ပြတ်သွားသော ဘုန်းတော်ကြီးကျောင်းပေါင်း ၁၅၀ ကျော်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုအောက်၌ ထားရှိခဲ့ပါသည်။ ဘုရားကျောင်းကန် ပရိဝုဏ်များအတွင်း အမြင်မတင့်တယ်ဖြစ်နေသော အမြဲနေလူပုဂ္ဂိုလ်အိမ်ထောင်စုများကိုလည်း မြို့သစ်များ၌ နေရာပေး၍ ပြောင်းရွှေ့ရှင်းလင်းနိုင်ခဲ့ပါသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် သာမဏသာရုပ္ပမဖြစ်သည့်ကိစ္စရပ်များဖြစ်သော ရဟန်းများ ဆိုင်ကယ်မောင်းနှင်ခြင်း၊ စီးနင်းခြင်း၊ မော်တော်ယာဉ်များ ကိုယ်တိုင်မောင်းနှင်ခြင်း၊ နေ့လွဲ ညစာစားသုံးခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အယောင်ဆောင် အလှူခံခြင်း၊ လိုင်စင်မဲ့ယာဉ်များ လက်ခံထိန်းသိမ်းခြင်း၊ မာတုဂါမများနှင့် ရောထွေးနေထိုင်ပြီး အိမ်ရာထူထောင်ခြင်း၊ မူးယစ်ဆေးဝါးများ လက်ခံထိန်းသိမ်းခြင်း၊ လောင်းကစားဒိုင်များ ဖွင့်လှစ်ခြင်းအစရှိသည့် အကြောင်းအရာများသည် မြန်မာနိုင်ငံ၏ အနာဂတ်သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် ရှင်းလင်းသုတ်သင်ရမည့်ကိစ္စရပ်များပင်ဖြစ်ပါသည်။

ဓမ္မသန့်ရှင်းရေးကား ပုဂ္ဂိုလ်သန့်ရှင်းရေးထက် ပိုမိုအဓိပ္ပာယ်လေးနက်ပါသည်။ ၁၉၈၁ ခုနှစ်က နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁)ဖြင့် ဆုံးဖြတ်ခဲ့သော ကျောက်သဘော်ဝါဒမှ အစပြု၍ ၂၀၁၄ ခုနှစ် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၈/၂၀၁၄)ဖြင့် ဆုံးဖြတ်သော ၃၁ ဘုံ ထွက်လမ်းအဓမ္မဝါဒအထိ ဝန်ခံကတိပြုပဋိညာဉ် လက်မှတ်ရေးထိုးရသော အဓမ္မဝါဒပေါင်း ၁၈ ခုနှင့် ဓမ္မ၊ အဓမ္မ ဝိနိစ္ဆယအထိမရောက်ဘဲ ဓမ္မနှင့်အညီ ဆုံးမပြီး ဝန်ခံကတိလက်မှတ်ထိုး၍ လိုက်နာစေမှု သုံးခုထိ ရှိခဲ့ပါသည်။

အဓမ္မဝါဒ အဆုံးအဖြတ်ခံရသော အငြင်းပွားမှုများအားလုံးကို ခြုံငုံ၍ သုံးသပ်ကြည့်သောအခါ အဓိကနှစ်မျိုးတွေ့ရပါသည်။ ပထမတစ်မျိုးမှာ ထေရဝါဒပိဋကတ်တော် ကျွမ်းကျင်နှံ့စပ်မှုမရှိဘဲ မိမိဆရာဝါဒကို ချဲ့ထွင်ရာမှ လမ်းချော်နေသော အဓမ္မဝါဒဖြစ်ပါသည်။ ဒုတိယတစ်မျိုးမှာ မည်သည့် ဘာသာကိုမျှ လက်ခံလိုခြင်းမရှိသူများက ဘာသာရေးအယူအဆများကို ကမောက်ကမဖြစ်အောင် ဝေဖန်ပုတ်ခတ်ပြုမူသော အဓမ္မဝါဒများပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် ကျောက်သဘော်ဝါဒ၊ ကြောင်ပန်းတောရဝါဒ၊ ကျောက်ပုံတောရဝါဒ၊ အောင်ဆန်း တောရဝါဒ၊ တွံတေး ဦးပုညာစာရနှင့် မော်လမြိုင်ရွှေဝါမြိုင်ကျောင်း ဓမ္မ၊ အဓမ္မ အငြင်းပွားမှုများမှာ ဝိနိစ္ဆယဆုံးဖြတ်ချက်ဖြင့် ထေရဝါဒ အဆုံးအမများနှင့် ညီညွတ်အောင် တည့်မတ်ပေးခဲ့ရသည့် ဓမ္မ အဓမ္မဆုံးဖြတ်မှုများဖြစ်ပါသည်။

ထို့အပြင် လူသေလူဖြစ်ဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ ရေတာရှည် ဦးမာလာဝရ၊ ပစ္စုပ္ပန်ကမ္မဝါဒတို့သည် ဗုဒ္ဓဓမ္မတရားတော်များကို ထေရဝါဒပိဋကတ်တော်နှင့်ဆန့်ကျင်၍ ကာယကံနှင့်ဝစီကံမြောက် ဖျက်ဆီးသော အဓမ္မဝါဒများပင်ဖြစ်ပါသည်။

ယခုအခါ အချို့သောထုတ်ဝေသူများက မိမိတို့၏စီးပွားရေးတစ်ခုတည်းကိုကြည့်၍ စာအုပ် စာပေ လွတ်လပ်စွာ ထုတ်ဝေခွင့်မူဝါဒများကို လက်ကိုင်ပြုလျက် အဓမ္မဝါဒများကို ခွင့်ပြုချက်မဲ့ ထုတ်ဝေ ဖြန့်ချိမှုပြုလျက်ရှိကြပါသည်။ ထိုသူတို့သည် ထေရဝါဒပိဋကတ်တော်များကို ဖျက်ဆီးသော အဓမ္မဝါဒီ စီးပွားရေးလုပ်ငန်းရှင်များပင် ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်က ဒေဝဒတ်ရဟန်းသည် မြတ်စွာဘုရား၏ နည်းလမ်းညွှန်ပြမှုဖြင့် တရားအားထုတ်ရာ ဈာန်အဘိဉာဏ်တန်ခိုးများ ရရှိလာပြီး အသိဉာဏ်ပညာနည်းပါးသောရဟန်းများကို သူ့ဘက်ပါအောင် သွေးဆောင်ခဲ့လေသည်။ အဇာတသတ်မင်းသားလည်း ဒေဝဒတ်၏ တန်ခိုးကို အထင်ကြီး၍ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ပူဇော်ရာ အဆိပ်ပင်ရေလောင်းသကဲ့သို့ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ဆရာဒေဝဒတ်၏ နည်းပေးညွှန်ပြမှုကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်မိပြီး ပိတုဃာတက ကံကြီးထိုက်ကာ ငရဲကျခဲ့ရပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် ဘာသာရေး၊ လူမျိုးရေးကို အကြောင်းပြုပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်သပ်လျှိုနေသည့် နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားလျက်ရှိသော နိုင်ငံရေးအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များရှိနေပါသည်။ ထိုကဲ့သို့ ဘာသာရေး၊ လူမျိုးရေးကို သွေးခွဲ၍ ဘာသာရေးကို နိုင်ငံရေးဒိုင်းသဖွယ် အသုံးပြုလာခြင်းသည် အနာဂတ် မြန်မာနိုင်ငံသာသနာတော်အတွက် လွန်စွာစိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည့်ကာလဖြစ်ပါသည်။

ဒေဝဒတ်ရဟန်းကို ဆရာတင်မိသော အဇာတသတ်မင်းကဲ့သို့ ခမည်းတော်ကို ပြန်သတ်ဝံ့သည့် ဖြစ်စဉ်မှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင်လည်း ဒေဝဒတ်ရဟန်းကဲ့သို့ ဒုဗ္ဗဇအလဇ္ဇီရဟန်းများကို ဆရာတင်မှားပါက ဘာသာရေးကို နိုင်ငံရေးအဖြစ် အသုံးချခံရဖွယ်ရှိပြီး လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဘေးဒုက္ခများ ကျရောက်မည့်အပြင် နိုင်ငံတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးကို ထိခိုက်လာနိုင်ဖွယ်ရှိပါသည်။ ထို့အပြင် မြင့်မြတ်သောသာသနာတော်၏ ဂုဏ်ကျက်သရေများ ကျဆင်းပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ညှိုးနွမ်းဖွယ်အတိ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန်နှင့် သာသနာတော်သန့်ရှင်းရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ နိုင်ငံတော်အစိုးရ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ ပြည်သူလူထုတစ်ရပ်လုံးက ဆရာဒကာညီညွတ်စွာ ပူးပေါင်း၍ ဒုဗ္ဗဇအလဇ္ဇီရဟန်းများ ပပျောက်ရေးအတွက် စီမံချက်ချကာ အလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်ပါသည်။ တစ်ဖက်မှလည်းအဓမ္မဝါဒ ရေးသားထုတ်ဝေမှုများ၊ ဟောပြောချက်များကို ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မြန်မာနိုင်ငံ၏ အနာဂတ်သာသနာတော် အကျိုးရည်မျှော်ကိုးလျက် တိုက်တွန်းရေးသားအပ်ပါသည်။



## ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရန် ရေယာဉ်များကို စုပေါင်းစစ်ဆေး

**တနင်္သာရီ ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် ရေယာဉ်များဖြင့် ခရီးသွားလာကြသည့်ပြည်သူများ အန္တရာယ်ကင်း ရှင်းစေရေးအတွက် တနင်္သာရီမြို့ရေဆိပ်ခံတံတားမှ ထွက်ခွာမည့် ခရီးသည်တင်ရေယာဉ်များအား ကြံ့ခိုင်မှုအပါအဝင်စည်းကမ်းချက်များ ညီညွတ်မှုရှိ/မရှိကို တာဝန်ရှိသူများ ပူးပေါင်း၍ ဇွန် ၂၉ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

အမြန်ရေယာဉ်၏ ကြံ့ခိုင်မှုအခြေအနေနှင့် ခရီးသွားပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်များ၊ အမြန်ရေယာဉ်မောင်းသူများ၏ ပဲ့နင်းလက်မှတ်များနှင့် ရေယာဉ်များပေါ်တွင် သတ်မှတ် ခရီးသည်ဦးရေနှင့်အညီ အသက်ကယ်အင်္ကျီများ လုံလောက်စွာ ပါဝင်ခြင်း ရှိ/မရှိ၊ အရေးပေါ်မီးသတ်ဆေးဘူးများ ပါဝင်ခြင်းရှိ/မရှိနှင့် တန်ပိုတင်ဆောင်မှုရှိ/မရှိစသည်တို့ကို မြို့နယ်ပို့ဆောင်ရေးညှိနှိုင်းမှုအဖွဲ့က စစ်ဆေးခဲ့ခြင်းဖြစ်သည်။

မြို့နယ်ပို့ဆောင်ရေးညှိနှိုင်းမှုအဖွဲ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦးနှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပါဝင်ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# နှစ် ၁၂၀ ပြည့်မြောက်ပြီဖြစ်သည့် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့ပြ ရှေးဟောင်းအမွေအနှစ်စာရင်းဝင်တစ်ခုဖြစ်သော ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) နှစ် ၁၂၀ ပြည့် အထိမ်းအမှတ်မုခ်ဦး ဖဲကြိုးဖြတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီးဝင်းအတွင်း စာသင်ဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ဒီဆေးရုံကြီးဟာ နှစ်ပေါင်းရှည်ကြာတဲ့ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံကြီးဖြစ်သလို ဒီဆေးရုံကြီးကို အမှီသဟဲပြုပြီး မိမိတို့ဘဝတက်လမ်းပေးခဲ့တဲ့ ဆေးရုံကြီးလည်းဖြစ်ပါတယ်။ ဆေးရုံကြီးကို အုတ်မြစ်ချပေးတဲ့ လေဒီဒါဖရင်အနေနဲ့လည်း ဒီဆေးရုံကြီးဟာ သက်တမ်းရှည်ကြာပြီ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စတည်စဉ်က ခုတင် ၂၀ ဆံ့ဖြစ်တာရယ်၊ တည်ပြီး ကာလတိုတစ်ခုအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း မြန်မာလူမျိုးတွေ သေချာထိန်းသိမ်း စောင့်ရှောက်လာလို့သာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

အခုချိန်မှာ ဆက်လက်တည်ရှိနေတယ်ဆိုတာ သူသိရင်လည်း ဝမ်းသာမှာပါ။ ဒီဆေးရုံကြီးမှာ ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာတွေလည်း ရှိပါတယ်။ အစိုးရအနေနဲ့ ပံ့ပိုးပေးထားသလို ဆက်လက်ပြီးတော့လည်း ပံ့ပိုးပေးသွားဦးမှာပါ။ မြန်မာနိုင်ငံရဲ့ နံပါတ်(၁) OG ဆေးရုံကြီးဖြစ်တဲ့အတွက် တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားဖို့ စဉ်းစားထားပါတယ်" ဟု ယနေ့ကျင်းပသော နှစ် ၁၂၀ ပြည့် အခမ်းအနားတွင် ပြောကြားသည်။

ယနေ့ နှစ်ပေါင်း ၁၂၀ ပြည့်မြောက်ပြီဖြစ်သော ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)သည် ယခုအခါ ရန်ကုန်မြို့ပြ အမွေအနှစ်တစ်ခုဖြစ်ပြီး ဒုတိယကမ္ဘာစစ်မတိုင်ခင် ၁၈၉၇ ခုနှစ် ဇွန် ၁၂ ရက်တွင် မြန်မာပြည် ပထမဆုံး ဒုတိယဘုရင်ခံ ဆာဖရက်ဒရစ်ဖရိုင်ရာ၏ ဇနီး လေဒီဖရိုင်ရာက အုတ်မြစ်ချခဲ့ကာ အိန္ဒိယဘုရင်ခံချုပ် လော့ဒါဖရင်ဇနီး လေဒီဒါဖရင်၏ ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုအဆောက်အအုံကို ၁၈၉၈ ခုနှစ် အစောပိုင်းတွင် ဒပ်ဖရင်ဆေးရုံကြီးအဖြစ် ပြောင်းလဲ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ ၁၈၉၇ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ နှစ်ပေါင်း ၅၀ တိုင် နိုင်ငံခြားဆရာဝန်ကြီးများ အုပ်ချုပ်ခဲ့သည်။ ၁၉၄၆- ၁၉၄၇ ခုနှစ်အထိ ဒုတိယဗိုလ်မှူးကြီး အာရ်-မက်ရောဘတ်က ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၄၇ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မြန်မာနိုင်ငံမှ ဒေါက်တာဒေါ်ရင်မေက မြန်မာနိုင်ငံ၏ ပထမဆုံး ဆေးရုံအုပ်အဖြစ် စတင်လွှဲပြောင်းတာဝန်ယူထမ်းဆောင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆေးရုံကြီးကို ၁၈၉၇ ခုနှစ်တွင် ဒပ်ဖရင်ဆေးရုံကြီး၊ ၁၉၆၃ ခုနှစ်တွင်



ဆေးရုံအုပ်ကြီး ဒေါက်တာပပ

ဗဟိုသားဖွားဆေးရုံကြီး၊ ၁၉၆၉ ခုနှစ်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီး စသည်ဖြင့် နာမည်အမျိုးမျိုးပေး ပြောင်းလဲခဲ့ပြီး ခုတင် သတ်မှတ်မှုမှာ ၁၉၄၀ ခုနှစ်တွင် ခုတင် ၃၅၀ ဆံ့၊ ၁၉၆၃ ခုနှစ်တွင် ၇၅၀ ဆံ့နှင့် ၁၉၆၅ ခုနှစ်မှ ယနေ့တိုင် ခုတင် ၈၀၀ ဆံ့ ဗဟိုအမျိုးသမီးဆေးရုံကြီးအဖြစ် သတ်မှတ်ကာ မျိုးကောင်းမိခင်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

"ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) နှစ် ၁၂၀ ပြည့် အခမ်းအနားကို ကျင်းပဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ သက်တမ်းရှည်အောင် ကျန်းမာရေးဝန်ဆောင်မှုတွေပေးခဲ့တဲ့ ဆေးရုံဂုဏ်ပုဒ်ကို ဖော်ထုတ်လိုတာရယ်၊ ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ပြီးတော့ အခုလိုထိန်းသိမ်းပေးခဲ့ကြတဲ့ ရှေးအစဉ်အဆက်ဆက်က ဆရာဝန်ကြီးတွေ၊ ဆေးရုံအုပ်ကြီးတွေနဲ့ ဝန်ထမ်းအားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ရယ်၊ ဆေးရုံကြီးကနေ ခွဲခွာသွားကြပြီဖြစ်တဲ့ ဆေးရုံအုပ်ကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ ဆရာဝန်မကြီးတွေကို ပြန်လည်ပြီး တွေ့ဆုံပေးလိုတဲ့ရည်ရွယ်ချက်အပြင် နှစ်ပေါင်း ၁၂၀ သော သက်တမ်းကို ထိန်းသိမ်းနိုင်ခဲ့တဲ့ ဒီဆေးရုံကြီးကို ရှေ့ဆက်ပြီး ဘယ်လိုအင်အားတွေနဲ့ ဘယ်လိုဝန်ဆောင်မှုတွေကို ဆတက်ထမ်းပိုး ပြည်သူတွေအတွက် ဘယ်လို ဆောင်ရွက်သွားကြမလဲဆိုတဲ့ ခွန်အားသစ်တွေပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဒီအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်"ဟု ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာ ပပက ပြောသည်။

ယနေ့ကျင်းပသော နှစ် ၁၂၀ ပြည့် အခမ်းအနားနှင့်အတူ အထိမ်းအမှတ်ပြခန်းများကိုလည်း ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ အဆိုပါဝင်းအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်ရာ ပြခန်း၌ နှစ် ၁၂၀ သက်တမ်းအတွင်း လူနာများအား ကုသမှုပေးခဲ့သော ပစ္စည်းကိရိယာ အဟောင်းများ၊ နှစ် ၁၀၀ ဝန်းကျင် သက်တမ်းရှိ ဆေးပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ သားဖွား၊ မီးယပ်ပညာ၊ ခွဲစိပ်ပညာ၊ ခွဲစိတ်မှန်ပညာ၊ မွေးကင်းစ ကလေးသူနာပြုစုခြင်း အတတ်ပညာ စသည်တို့ကို ခေတ်အဆက်ဆက် ပြောင်းလဲအသုံးပြုလာမှုများကို ယနေ့ခေတ်လူငယ်များနှင့် ဆေးဘက်ဆိုင်ရာ အတတ်ပညာရှင်များ သိရှိစေရန်အတွက် ယင်းအသုံးအဆောင်ပစ္စည်းများကို ပြသခြင်းဖြစ်ကြောင်း သိရသည်။

ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) နှစ် ၁၂၀ ပြည့် အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အငြိမ်းစားပါမောက္ခဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးရုံအုပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

○ *ကျောဖုံးမှ*

လမ်းပိုင်းနဲ့ တံတားတွေကို ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံတွေနဲ့ လမ်းအသုံးပြုသူတွေက သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေအတိုင်း စနစ်တကျ လိုက်နာပြီး အသုံးပြုသွားကြဖို့လည်း လိုအပ်ပါတယ်" ဟု ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်းသစ် ဖွင့်ပွဲတွင် ပြောကြားသည်။

ရန်ကုန်-မန္တလေးလမ်းမကြီး (AH-1)မှ ယနေ့ ဖွင့်လှစ်ခဲ့သည့် လမ်းပိုင်းများတွင် ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း မိုင်(၄၀) တစ်ဆက်တစ်စပ်တည်း လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို Oriental Highway ကုမ္ပဏီက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းကုမ္ပဏီအနေဖြင့် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်း လမ်းအပိုင်း စုစုပေါင်း ၈၅ မိုင် ၂ ဖာလုံကို တာဝန်ယူဆောင်ရွက်နေကြောင်း၊ မိတ္ထီလာ-မန္တလေးလမ်းပိုင်း လေးလမ်းသွား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို သော်တာဝင်းကုမ္ပဏီ၊ ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ် (၃/၁၂၂) တုန်ကန် ချောင်းတံတားကို ဟိုက်စတားကုမ္ပဏီနှင့် ပဲခူး-ညောင်လေးပင် လမ်းပိုင်းကတ္တရာခင်းခြင်းလုပ်ငန်းကို ရွှေသံလွင်ကုမ္ပဏီတို့ တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီ ရန်ကုန်-မန္တလေးလမ်းမကြီးက အရင်ကသွားလာရတဲ့အခြေအနေက သိပ်မကောင်းဘူး။ လမ်းကြီး ဒီဘက်မှာ စတင်ဆောင်ရွက်တော့ သက်ဆိုင်ရာတာဝန်ရှိသူတွေက သစ်ပင်တွေခုတ်ရမယ်ဆိုတော့ မလွယ်ကူတဲ့အကြောင်း ပြောကြတယ်။ သစ်ပင်ဆိုတာ တစ်ချိန်မှာ ပြန်စိုက်ပျိုးလို့ရပါတယ်။ အများပြည်သူသွားလာတဲ့ ဒီလမ်းကသာ အဓိကဖြစ်တဲ့အတွက် အခုလို ပြုပြင်လိုက်တာ ကျွန်တော်တို့ ဒေသခံတွေရော လမ်းအသုံးပြုသွားလာသူတွေပါ သွားရေး၊ လာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုန်စည်စီးဆင်းမှု အစစအရာရာ ချောမွေ့အဆင်ပြေသွားတဲ့အတွက် တကယ့်ကို ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလို အဆင့်မီလမ်းကြီးဖြစ်အောင် လုပ်ပေးလို့ လုပ်ငန်းရှင်တွေရော၊ သက်ဆိုင်ရာ တာဝန်ရှိသူတွေကိုပါ အားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းအုပ်စု ရွှေကျေးကျေးရွာမှ ဦးတင်ဝင်းက ရင်တွင်းစကားဆိုသည်။

ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး(A-1)သည် ရန်ကုန်မှ မန္တလေးအထိ အရှည် ၄၂၂ မိုင်နှင့် ၅ ဖာလုံရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မက်စ်ဟိုင်းဝေး၊ ရွှေသံလွင်၊ ဟိုက်စတား၊ ကမ္ဘောဇ၊ Oriental Highway ၊ ယုဇန၊ သော်တာဝင်းကုမ္ပဏီတို့က B.O.T စနစ်ဖြင့် လေးလမ်းသွား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများက ပျဉ်းမနား-ရမည်းသင်းလမ်းပိုင်း ကတ္တရာကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြု



**နေပြည်တော် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖြူးမြို့နယ်အောင်ချက်ကိုလေ့လာရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် အပြင်ဖြေများဖြစ်ပါကြောင်း၊ မြို့နယ်၏ အောင်ချက်မြင့်မားရေးသာမက ပညာရေးနယ်ပယ်တွင် လိုအပ်သည့်ကိစ္စတစ်ခုကို ဖြည့်ဆည်းပေးနေသည့် ကိစ္စတစ်ခုဖြစ်၍ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ဆရာဆရာမများနှင့် သက်ဆိုင်ရာ ဆရာ ဆရာမများကို ဂုဏ်ပြုစကားပြောကြားလိုပါကြောင်း။

ပညာရေးစနစ်ပြောင်းလဲခြင်းသည် ကောင်းမွန်သောကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ ပညာရေးစနစ်များ မည်သို့ပင်ပြောင်းလဲသော်လည်း ပညာရေးတွင် အဓိကအရေးကြီးဆုံးမှာ ကျောင်းသား၊ မိဘနှင့်ဆရာများဖြစ်ကြောင်း၊ ကျောင်းသားက ကျောင်းသွား၍ ဆရာက တတ်အောင်သင်ပြီး မိဘက ကျောင်းတွင် ဘာတွေသင်ကြားနေသည်၊ သင်ခန်းစာများကို ဘယ်လောက် နားလည်သဘောပေါက်သည်ဆိုသည်ကို လေ့လာအကဲခတ်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ကျောင်းသား၊ ဆရာ၊ မိဘ ဟန်ချက်ညီမှသာ ကျောင်းသားသည် ပညာတတ်၍ အနာဂတ်လှပမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရာ ငါးဘာသာ ဂုဏ်ထူးရှင် ကျောင်းသား သုံးဦးအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လည်းကောင်း၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၄ ဦး ကိုယ်စား ကျောင်းသား ကျောင်းသူ သုံးဦးအား တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင် ၁၉ ဦး ကိုယ်စား ကျောင်းသား ကျောင်းသူသုံးဦးအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်တို့ကလည်းကောင်း၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၅ ဦး ကိုယ်စား ကျောင်းသား ကျောင်းသူ သုံးဦးအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြသောင်းတို့ကလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၆၂ ဦးကိုယ်စား ကျောင်းသား ကျောင်းသူ သုံးဦးအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်တို့ကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဆုချီးမြှင့်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းနှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ပထမဆုရရှိသော အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ဇေယျဝတီ)၊ ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်းခွဲ(ဖြူး)၊ တတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(ညောင်ပင်သာ) ကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ဖြူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ၂၂၃ ကျောင်းမှ ကျောင်းအုပ် ဆရာ ဆရာမကြီးများအား တောင်ငူခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖြူးမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မောင်ဇေမျိုးပိုင်က ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဖြူးမြို့နယ် အောင်ချက်အကောင်းဆုံးဆုရ အ.ထ.က.(ညောင်ပင်သာ) မှ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အောင်ချက်မြင့်မားရေးအတွက် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဖြူးမြို့နယ်ပညာရေးမှူးက ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူရှင်တစ်ဦးဖြစ်သူ Steel Stone Group ဥက္ကဋ္ဌ ဦးသန်းလွင်က ဖြူးမြို့နယ် ပညာရေးမြှင့်တင်မှုကော်မတီသို့ အလှူငွေပေးအပ်သည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်စကားပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးရန် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန်　ဇူလိုင်　၁**

(၄၃)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးရန် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အာဆီယံ-ဂျပန်အလှည့်ကျ နိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည့် အဆိုပါအစည်းအဝေးများတွင် အာဆီယံနှင့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ လုပ်ငန်းသဘောထားအမြင်များ ဖလှယ်ခြင်း၊ အတတ်ပညာနည်းပညာများဖလှယ်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ ခရီးသွားလာမှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဝမင်းကုမ္ပဏီများအုပ်စုမှ ဦးမြင့်ဝေက "နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံချင်တယ်၊ ငွေကြေးစိုက်ထုတ်လိုတယ်ဆိုရင် စိုက်ထုတ်တဲ့ပမာဏသည် အဲဒီနိုင်ငံအတွက် အကျိုးရှိတာပေါ့။ ကျွန်တော်တို့နိုင်ငံမှာခရီးသွားလာမှုနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာသိရင် အဲဒီနိုင်ငံတွေက ဧည့်သည်တွေ ပိုတိုးလာတာမျိုးပါ"ဟု ရှင်းပြခဲ့သည်။ ထို့ပြင် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမျိုးမြင့်အောင်က "ကျွန်တော်တို့ တိုင်းပြည်မှာနည်းပညာမရှိလို့ မတိုးတက်ဘူးလို့မြင်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်တိုးတက်မှု နှေးကွေးတယ်ဆိုတာလည်း နည်းပညာမရှိလို့ပါပဲ။ ဒါကြောင့် ဂျပန်တွေနဲ့ တွေ့တဲ့အခါ ပိုက်ဆံမချေးရင်နေပါ။ နည်းပညာပဲပေးပါလို့ ပြောပါတယ်"ဟု ပြောကြားသည်။

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွသော ဂျပန်စီးပွားရေးလုပ်ငန်းရှင်များဖြင့် စတင်ဖွဲ့စည်းခဲ့သော (KEAZAI DOYUKAI)ကေဆိုင်ဒိုယုခိုင်အဖွဲ့သည် ယခုအခါ အရှေ့တောင်အာရှနိုင်ငံများရှိ ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဂျပန်နိုင်ငံနှင့်ဆက်သွယ်၍ စီးပွားရေးအရ တစ်ဦးနှင့်တစ်ဦးချိတ်ဆက်၍ ကူညီရိုင်းပင်းနိုင်ရန် တစ်နှစ်တစ်ကြိမ် (ASEAN-Japan Business Meeting) အစည်းအဝေးများကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။



ယခုနှစ်တွင် (၄၃)ကြိမ်မြောက် အာဆီယံ-ဂျပန်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နိုဝင်ဘာ ၂၂ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

---

***ရှေ့ဖုံးမှ***

ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နေပြည်တော်တွင် ကျင်းပနိုင်ခဲ့ပြီဖြစ်သောကြောင့် အရပ်ဘက်အဖွဲ့အစည်းများ ဖိုရမ်ကျင်းပရေးကော်မတီကို အသစ်ပြန်လည်ဖွဲ့စည်းခြင်းဖြစ်သည်။ ကော်မတီအသစ်အဖွဲ့ဝင် ဦးစိုးဌေး(မန္တလေးတိုင်းဒေသကြီး)က "ဒီအစည်းအဝေးမှာ ဒေါက်တာတင်မျိုးဝင်း လာတယ်၊ သူလာတဲ့အချိန်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)ရဲ့လုပ်ငန်းလမ်းညွှန် TOR ထဲမှာ ကျွန်တော်တို့ CSO မပါဘူး။ ဒါပေမယ့် သူပြောသွားတယ်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုဖိုရမ်တွေကနေပြီးတော့ စာတမ်းတစ်စောင်ထုတ်ပါ။ တကယ့်ဂုဏ်သိက္ခာရှိရှိ ပင်လုံမှာ တက်ဖတ်ပါဆိုတာမျိုး ပြောသွားတာရှိတယ်။ UPDJC ရဲ့ TOR ထဲမှာ မပါပေမယ့် လက်ရှိဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အစိုးရက အရပ်ဘက်လူ့အဖွဲ့အစည်းတွေပေါ်မှာ အသိအမှတ်ပြုပြီးတော့ ဒီကအသံတွေကို သူတို့မျှော်လင့်နေတယ်ဆိုတာကို ထင်ထင်ရှားရှားတွေ့ရတယ်။ အဲဒီထွက်ပေါက်ကနေပြီး ကျွန်တော်တို့ပြည်သူလူထုက လက်ရှိ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်မှာ ဒီ CSO တွေအနေနဲ့ အားကြိုးမာန်တက်ပါဝင်မှာပါ"ဟု ပြောသည်။

ပထမအကြိမ် ဖွဲ့စည်းခဲ့သည့် အရပ်ဘက်အဖွဲ့အစည်းများ (CSO) ဖိုရမ်ကျင်းပရေးကော်မတီတွင် ကော်မတီဝင် ၄၃ ဦး ပါဝင်ပြီး ယခုအသစ်ထပ်မံဖွဲ့စည်းသည့် ကော်မတီသစ်တွင် ကော်မတီဝင် ၄၀ ပါဝင်သည်။

CSO ဖိုရမ်ဆွေးနွေးပွဲရလဒ်များကို ဖိုရမ်နောက်ဆုံးနေ့ သတင်းစာရှင်းလင်းပွဲတွင် ကချင်ပြည်နယ်မှ CSO ကိုယ်စားလှယ် နော်ဒွယ်၊ မန္တလေးတိုင်းဒေသကြီး CSO ကိုယ်စားလှယ် ဦးစိုးဌေး၊ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသွင်လင်းအောင်၊ နော်မူးဖောထူးတို့က ဖိုရမ်ကျင်းပရခြင်းနှင့်ပတ်သက်၍ အချက်အလက်များ၊ ငွေစာရင်းရှင်းတမ်းများကို မီဒီယာများသို့ ရှင်းလင်းခဲ့ပြီး အချောသတ်ဆုံးဖြတ်ချက်များကို မကြာမီထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဦးသွင်လင်းအောင်က " UPDJC အတွင်းရေးမှူးအဖွဲ့ထဲမှာ ကျွန်တော်တို့ ပါဝင်ခွင့်မရဘူး။ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ဦးဆောင်ကျင်းပခွင့်ရတယ်။ လူမျိုးအလိုက်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ပါတီတွေက ဦးဆောင်ကျင်းပခွင့်ရတယ် အကြောင်းအရာအလိုက်က ကျွန်တော်တို့ပေါ့။ အဲဒီကဆွေးနွေးချက်တွေကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူထားတဲ့ လုပ်ငန်းကော်မတီတွေဆီပို့ရတယ်။ အဲ့ဒီမှာ ဘာဖြစ်လဲဆိုတော့ အဲဒီကော်မတီတွေထဲမှာ အခြားအစိုးရ၊ ပါတီနဲ့၊ လက်နက်ကိုင်တွေက ပါဝင်ခွင့်ရပြီး သူတို့သယ်လာတဲ့ အချက်အလက်တွေကို သူတို့က ပြန်တည်းဖြတ်ရတော့ အားသာချက်ရှိတယ်"ဟု ပြောသည်။

ယခုဖွဲ့စည်းခဲ့သည့် ဒုတိယအကြိမ် CSO ကော်မတီတွင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်မှ ရွေးချယ်ထား၍တစ်နိုင်ငံလုံးရှိ CSO များ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေပြီး ကိုယ်စားပြုမှုအားကောင်းမှသာလျှင် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုဖြစ်လာရန် CSO များ သိက္ခာရှိရှိ ပါဝင်ဆွေးနွေးနိုင်မည်ဟု ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော်တို့ CSO တွေက ပြည်သူအတွက် အလုပ်လုပ်တယ်။ ပြည်သူအတွက် အလုပ်လုပ်နေတယ်ဆိုရင် ပြည်သူက ဘာဖြစ်ချင်လဲဆိုတဲ့ အသံကို ကျွန်တော်တို့ နားထောင်ရမယ်။ ဘာဖြစ်ချင်တာလဲမသိရင် ဘယ်လောက်ပဲလုပ်ပေးလုပ်ပေး သူတို့လိုအပ်တာနဲ့ ကိုယ်ပေးတာမကိုက်ညီခဲ့ရင် ကူညီတာမရောက်ပါဘူး။ ပြည်သူပါဝင်နိုင်ဖို့ ပြည်သူပါဝင်မှုကို မြှင့်တင်သင့်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ဦးသွင်လင်းအောင်က ပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရာတွင် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်ရပြီး အကြောင်းအရာအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် CSO များက ဦးဆောင်၍ ကျင်းပခွင့်ရသည်။ အဆိုပါဆွေးနွေးပွဲများမှ ရရှိလာသည့် ကဏ္ဍအသီးသီးအတွက် မူဝါဒနှင့်စာတမ်းများကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးသို့ တင်သွင်း၍ သဘောတူညီသည့်အချက်များအား ပြည်ထောင်စု သဘောတူစာချုပ်တွင် ထည့်သွင်းခြင်းဖြစ်သည်။

---

# ထိုင်းနိုင်ငံ အလုပ်သမားဥပဒေအသစ်အား ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်သော်လည်း မြန်မာအလုပ်သမားဦးရေထောင်နှင့်ချီ ပြန်လာနေဆဲဖြစ်ဟု သိရ

**မြဝတီ　ဇူလိုင်　၁**

ထိုင်းအစိုးရ၏ အလုပ်သမားဆိုင်ရာဥပဒေသစ်ကြောင့် ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်နေကြသည့် အထောက်အထားမပြည့်စုံသည့် မြန်မာအလုပ်သမားများနှင့် အထောက်အထားလုံးဝမရှိသည့် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံအတွင်း ဖမ်းဆီးလျက်ရှိသည့်အတွက် ဇွန် ၂၉ ရက် နံနက်ပိုင်းမှစပြီး မြန်မာအလုပ်သမားများ မြဝတီမြို့ ၉၉၉ ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူဦးရေထောင်နှင့်ချီပြီး ပြန်လာနေဆဲဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လာလျက်ရှိရာတွင် ဇွန် ၂၉ ရက်က ၃၁၆၇ ဦး၊ ဇွန် ၃၀ ရက်က ၄၀၆၇ ဦး စုစုပေါင်း ၇၂၃၄ ဦးအထိ ရှိခဲ့ကြောင်း သိရပြီး ထိုသို့ မြန်မာအလုပ်သမားများ အများအပြားနေရပ်ပြန်နေခြင်းကြောင့် ထိုင်းနိုင်ငံတွင် ဇွန် ၂၂ရက်က စတင်အသက်ဝင်ပြီး ယခုလက်ရှိ ကျင့်သုံးလျက်ရှိသည့် နိုင်ငံခြားသား အလုပ်သမားများ စီမံခန့်ခွဲရေးဥပဒေ ကျင့်သုံးခြင်းကို ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေကျင့်သုံးခြင်းကို ရက်ပေါင်း ၁၂၀ ရပ်ဆိုင်းလိုက်သော်လည်း မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နေဆဲဖြစ်ပြီး ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ ပြန်လာသူ ဦးရေမှာ အမျိုးသား ၇၀၀၀၊ အမျိုးသမီး ၅၃၇၇ ဦး စုစုပေါင်း ၁၂၃၇၇ ဦးအထိ ရှိပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်လာရာတွင် ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မြဝတီမြို့ ၉၉၉ ဂိတ်မှသာ ဝင်ရောက်ခဲ့သော်လည်း ဇူလိုင် ၁ ရက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများ အလွှဲအပြောင်းဖြင့် ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၇၉ ဦး၊ အမျိုးသမီး ၄၉ ဦး စုစုပေါင်း ၂၂၈ ဦးကို မြန်မာဘက်မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူး အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**



ထိုသို့နေရပ်ပြန်ရန် အခက်အခဲရှိသူများအား ဆောင်ရွက်ပေးလျက်ရှိရာတွင် မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်(မြဝတီ)မှတာဝန်ရှိသူများ ပူးပေါင်းပြီး မော်တော်ယာဉ်များဖြင့် နေအိမ်အရောက် ပြန်လည်ပို့ဆောင်ပေးလျက်ရှိ၍ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် တည်းခိုလိုသူများအား နေထိုင်၊ စားသောက်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

# မင်းပြားမြို့နယ် စွန်ရဲကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**အမ်း　ဇူလိုင်　၁**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇွန် ၂၉ ရက်က မင်းပြားမြို့နယ် စွန်ရဲကျေးရွာ ဘုန်းကြီးကျောင်း၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျေးရွာအတွင်း ခြင်ခိုအောင်းနိုင်သောနေရာများအား ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းခြင်းရောဂါ၊ အစာအိမ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေရောဂါ စုစုပေါင်း ၁၄၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇) တပ်မတော် ဆေးရုံခုတင် ၁၀၀သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးနှင့် မင်းပြားတပ်နယ်မှ တပ်မတော်အရာရှိကြီးများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ စားသောက်ဖွယ်ရာများပေးအပ်ကာ တိုင်းမှူးနှင့် တာဝန်ရှိသူများက စွန်ရဲဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကန်တော့ကာ သင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဘာသာရေး၊ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့်ကျောက်တော်မြို့ပြည်သူ့ကျန်းမာရေးအဖွဲ့တို့သည်ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျောက်တော်မြို့နယ် ခေါင်းကုတ်ကျေးရွာနှင့် ပိုက်သည်ကျေးရွာများရှိ ရွာသူ ရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ နှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့က မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ သွေးအားနည်းခြင်းရောဂါ၊အစာအိမ်ရောဂါ၊ အရိုးအကြောရောဂါ၊ ခွဲစိတ်ရောဂါနှင့် အထွေထွေရောဂါ စုစုပေါင်း ၂၉၆ ဦးတို့ကို ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား စစ်တွေမြို့ရှိ အမှတ်(၁၇)တပ်မတော်ဆေးရုံ ခုတင် ၁၀၀ သို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသ နယ်မြေလုံခြုံရေးအစွမ်းကုန်ကြိုးပမ်းမည်

သတင်း မြင့်မောင်စိုး၊ အောင်ကျော်ဦး
ဓာတ်ပုံ - သက္က



**မောင်တော ဇူလိုင် ၁**
မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ပြောကြားသည်။

"နယ်မြေဒေသတစ်ခု တည်ငြိမ်အေးချမ်းဖို့ဆိုတာဟာ လုံခြုံရေးက အရေးကြီးပါတယ်။ မောင်တောဒေသမှာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့တွေနဲ့ လုံခြုံရေးတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုနယ်မြေလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နေသလို တစ်ဖက်ကလည်း ပြည်သူလူထုအနေနဲ့ တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ အတတ်နိုင်ဆုံး ကျေးရွာတွေမှာ လုံခြုံရေး အဆင့်မြှင့်တင်ဆောင်ရွက်ထားပါတယ်"ဟု ဗိုလ်မှူးကြီး ထိန်လင်းက မောင်တော တောင်ပိုင်း ကျောက်ပန္နူကျေးရွာ၌ ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကျေးရွာများနှင့် မလှမ်းမကမ်းတွင် လုံခြုံရေးစခန်းများ ချထားပြီးဖြစ်ကြောင်း၊ ထို့အတူ နယ်မြေကို ပိုင်းခြားပြီး လုံခြုံရေးတာဝန် ထမ်းဆောင်မှုများလည်း ရှိကြောင်း၊ နယ်မြေလုံခြုံမှုရှိအောင် ဆောင်ရွက်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

သို့ရာတွင် အခက်အခဲတစ်ခုဖြစ်လျှင်သော်လည်းကောင်း၊ ထူးခြားဖြစ်စဉ်ပေါ်ပေါက်လျှင်သော်လည်းကောင်း အနီးစပ်ဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့၊ တပ်မတော်တို့ထံ ဆက်သွယ်သတင်းပေးပို့ ဆောင်ရွက်ရန်လိုကြောင်း အရေးပေါ် တယ်လီဖုန်းဆက်သွယ်ရေးစနစ်ထားရှိပြီး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ချက်ချင်းတုံ့ပြန်နိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

## မောင်တောခရိုင်အတွင်း ကျောင်းပေါင်း ၁၂ ကျောင်းအဆင့်မြှင့်တင်

**မောင်တော ဇူလိုင် ၁**
မောင်တောခရိုင်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၁၂ ကျောင်းကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

" ကျောင်းတွေမှာ ကျောင်းသားအရေအတွက်များပြား လာတာနဲ့အမျှ ကျောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးရပါတယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ မောင်တောခရိုင်မှာ ကျောင်းပေါင်း ၁၂ ကျောင်းကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ ဒီလို အဆင့်မြှင့်တင်ပေးလိုက်တဲ့အတွက် ဒေသအတွင်း ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကလည်း အားကောင်းလာမှာဖြစ်ပါတယ်"ဟု ခရိုင်ပညာရေးမှူး ဦးအုန်းမြင့်က ပြောသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွင်း မောင်တောမြို့နယ်တွင် အမကမှ မူလတန်းလွန်တစ်ကျောင်း၊ အထက(ခွဲ)မှ အထကအဖြစ်သို့ တစ်ကျောင်း၊ စုစုပေါင်း ကျောင်းနှစ်ကျောင်းအဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

အလားတူ ဘူးသီးတောင်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး အမကမှ အမက(ခွဲ)အဖြစ်သို့ နှစ်ကျောင်း၊ အမက(ခွဲ)မှ အမကအဖြစ်သို့ တစ်ကျောင်း၊ အမကမှ မူလတန်းလွန်အဖြစ်သို့ တစ်ကျောင်း၊ မူလတန်းလွန်မှ အလက(ခွဲ) အဖြစ်သို့ နှစ်ကျောင်း၊ အလက(ခွဲ)မှ အလကသို့ နှစ်ကျောင်း၊ အထက(ခွဲ)မှ အထက အဖြစ်သို့ နှစ်ကျောင်း၊ စုစုပေါင်း ဘူးသီးတောင်မြို့နယ်တွင် ကျောင်းပေါင်း ၁၀ ကျောင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

ခရိုင်ချုပ် တစ်ခရိုင်လုံးအနေဖြင့် မူလတန်းကျောင်းခွဲမှ နှစ်ကျောင်း၊ အမက တစ်ကျောင်း၊ မူလတန်းလွန် နှစ်ကျောင်း၊ အလက(ခွဲ) နှစ်ကျောင်း၊ အလက နှစ်ကျောင်း၊ အထက သုံးကျောင်း စုစုပေါင်းကျောင်းပေါင်း ၁၂ ကျောင်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊အောင်ကျော်ဦး ၊**
**ဓာတ်ပုံ-သက္က**




## လူမှုအဖွဲ့အစည်းလုပ်ငန်းဆောင်ရွက်သည့် INGO ဝန်ထမ်းတစ်ဦးအား မျက်နှာဖုံးစွပ် အကြမ်းဖက်သမားများက သတ်ဖြတ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁**
မောင်တောမြို့နယ် ဘရုံးနားအနောက်ရွာနေ INGO ဝန်ထမ်းတစ်ဦးအား မျက်နှာဖုံးဝတ်ဆင်ထားသည့် အကြမ်းဖက်သမားများက ဓား၊ ရဲဒင်းများဖြင့် သတ်ဖြတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ဦးချောင်းကျေးရွာအုပ်စုမှ ဘရုံးနားအနောက်ရွာနေ INGO ဝန်ထမ်းဖြစ်သူ နုရ်အီစွလာမ် သည် ၎င်းနေအိမ်တွင်အိပ်နေစဉ် ဇွန် ၂၉ ရက် ည ၁၂ နာရီခန့်က မျက်နှာဖုံးစွပ်ထားသည့် အကြမ်းဖက်သမား ၁၀ ဦးခန့်သည် အိမ်ရှေ့တံခါးအား တွန်းဖွင့်၍ ဝင်ရောက်လာပြီး ၎င်းအား နေအိမ်အပြင်သို့ဆွဲထုတ်၍ ဓား၊ ရဲဒင်းတို့ဖြင့် ခုတ်ခဲ့ရာ ၎င်း၏ ဝဲပါး၊ ဝဲဦးခေါင်းနောက်၊ ဝဲနားရွက်တို့တွင် ပြတ်ရှဒဏ်ရာများနှင့် ဝဲနားနောက်ဘက်တွင် ထိုးသွင်းဒဏ်ရာများရရှိခဲ့ပြီး သေဆုံးခဲ့ကြောင်း သိရသဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

သေဆုံးသူ နုရ်အီစွလာမ် CFSI အမည်ရှိ INGO တွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ လုပ်ကိုင်နေသော INGO ဝန်ထမ်းတစ်ဦးဖြစ်ပြီး CFSI သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အခြေစိုက်ပြီး ရန်ကုန်မြို့ ကမာရွတ်တွင် ရုံးချုပ်ဖွင့်လှစ်ကာ နိုင်ငံတကာ မိသားစုများနှင့်အတူ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့် INGO အဖွဲ့အစည်းဖြစ်ကြောင်း၊၎င်းတို့၏ မောင်တောဒေသရုံးခွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် မောင်တော (၃) မိုင်ရပ်ကွက်၌ စတင်ဖွင့်လှစ်ခဲ့၍ ဖိလစ်ပိုင်နိုင်ငံသူ May Landina Fan မှ မောင်တောဒေသ တာဝန်ခံအဖြစ် ဆောင်ရွက်ပြီး မောင်တောတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပညာပေးရေး လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။ **(သတင်းစဉ်)**


## ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အပြစ်မဲ့ပြည်သူများ အကြမ်းဖက်သတ်ဖြတ်ခံရမှုနှင့် ပျောက်ဆုံးစာရင်း

**(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ)**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သော ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ထိ အကြမ်းဖက်သတ်ဖြတ်ခံရမှုကြောင့် အပြစ်မဲ့ပြည်သူ ၄၁ ဦး သေဆုံးခဲ့ပြီး အကြမ်းဖက်သူများ၏ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူ ၂၃ ဦး ပျောက်ဆုံးလျက်ရှိသည်။

| လချုပ် | အကြမ်းဖက်သတ်ဖြတ်ခံရသူဦးရေ | ဖမ်းဆီးခံရသဖြင့် ပျောက်ဆုံးဦးရေ |
|---|---|---|
| ၂၀၁၆ အောက်တိုဘာလ | ၃ ဦး | - |
| ၂၀၁၆ နိုဝင်ဘာလ | ၁ ဦး | ၃ ဦး |
| ၂၀၁၆ ဒီဇင်ဘာလ | ၃ ဦး | ၁ ဦး |
| ၂၀၁၇ ဇန်နဝါရီလ | ၄ ဦး | ၄ ဦး |
| ၂၀၁၇ ဖေဖော်ဝါရီလ | ၄ ဦး | - |
| ၂၀၁၇ မတ်လ | ၆ ဦး | ၃ ဦး |
| ၂၀၁၇ ဧပြီလ | ၄ ဦး | ၇ ဦး |
| ၂၀၁၇ မေလ | ၆ ဦး | ၂ ဦး |
| ၂၀၁၇ ဇွန်လ | ၁၀ ဦး | ၂ ဦး |
| စုစုပေါင်း | ၄၁ ဦး | ၂၃ ဦး |

**ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း အကြမ်းဖက်သတ်ဖြတ်ခံရမှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှုနှင့် အကြမ်းဖက်သူများ၏ ဖမ်းဆီးခေါ်ဆောင်သွားမှုကြောင့် အပြစ်မဲ့ပြည်သူများပျောက်ဆုံးမှု လအလိုက် ဦးရေ နှိုင်းယှဉ်ဖော်ပြချက်**
**(၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ)**




နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီ

## ရာအိမ်မှူးနှင့်အဖွဲ့အား အကြမ်းဖက်အဖွဲ့မှဓားဖြင့်ခုတ်သဖြင့် နှစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၁**
မောင်တောမြို့နယ် ပြင်ဖြူကျေးရွာ ဈေးတန်းမှ ပုစွန်ဒိုင်အတွင်းရှိ နေသူများအား ဓားရှည်များ ကိုယ်စီကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား ၁၅ ဦးခန့်က ဝင်ရောက်ပြီး ဓားဖြင့်ခုတ်သဖြင့် နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် နံနက်ပိုင်းက ပေါင်းဇားကျေးရွာအုပ်စု ပြင်ဖြူကျေးရွာရှိ လမ်းဆုံဈေးတန်းမှ ပုစွန်ဒိုင်အတွင်းရှိ ပြင်ဖြူကျေးရွာ ရာအိမ်မှူး မာမွတ်တာမောက်၊ ပေါင်းဇားကျေးရွာမှ ပုစွန်ဒိုင်စာရေး မောင်စိုး၊ မာမတ်အာရပ်ဖ်၊ မာမတ်အီနူး၊ အဒူရော်ကိန်းတို့အား ဓားရှည် ကိုယ်စီကိုင်ဆောင်ထားသော အကြမ်းဖက်သမား ၁၅ ဦးခန့်က ဝင်ရောက်ပြီး ဓားဖြင့်ခုတ်သဖြင့် မာမတ်အာရပ်ဖ်နှင့် မာမတ်အီနူးတို့ နှစ်ဦးမှာ နေရာတွင် သေဆုံးခဲ့ပြီး ရာအိမ်မှူး မာမွတ်တာမောက်မှာ ယာပါးတွင် ပြတ်ရှဒဏ်ရာနှင့် ဝဲလက်ကောက်ဝတ်ကျိုး ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် အဒူရော်ကိန်းနှင့် မောင်စိုးတို့ နှစ်ဦးမှာ ဒဏ်ရာမရရှိကြဘဲ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကြမ်းဖက်အဖွဲ့သည် လဘော်ဇားကျေးရွာဘက်သို့ ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် ပြင်ဖြူနယ်မြေရဲစခန်းတွင် အမှုဖွင့်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြောက်ကိုရီးယားကို တုံ့ပြန်မှုများပြုလုပ်သွားရန် အမေရိကန်လိုလား

**ဝါရှင်တန်ဒီစီ ဇူလိုင် ၁**

တောင်ကိုရီးယား သမ္မတ မွန်ဂျေအင်းနှင့် ဇွန် ၃၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားကို တုံ့ပြန်မှုပြုရန် တိုက်တွန်းလိုက်ကြောင်း၊ အဆိုပါ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံ မဟာမိတ်အခန်းကဏ္ဍမှာ မည်မျှအရေးကြီးကြောင်း ဆွေးနွေးပြောကြားခဲ့သော်လည်း အဓိကဆွေးနွေးပြောကြားခဲ့သည့်အကြောင်းအရာမှာ တောင်ကိုရီးယား၏ ကုန်သွယ်မှုနှင့် ကာကွယ်ရေးအသုံးစရိတ်များကို မျှဝေကျခံရန်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဇူလိုင် ၁ ရက်က ဖော်ပြခဲ့သည်။

ယခင် အိုဘားမားလက်ထက်က သဘောတူခဲ့သည့် ကုန်သွယ်ရေးသဘောတူညီချက်ကို အကြမ်းဖျင်းအဆင့်သာသာရှိကြောင်း ဝေဖန်ပြောကြားခဲ့ပြီးနောက် ယခုအခါတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် အဆိုပါ သဘောတူညီချက်ကို ပြန်လည်ညှိနှိုင်းမှုပြုလုပ်ခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယား ၏ ဒုံးလက်နက်စမ်းသပ်မှုနှင့် နျူကလီးယားအစီအစဉ်အဆုံးသတ်နိုင်ရေးအတွက် နည်းဗျူဟာပိုင်းဆိုင်ရာ စိတ်ရှည်သည်းခံရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ မထီမဲ့မြင် ခြိမ်းခြောက်မှုများနှင့် ရက်စက်မှုများကို အတူတကွ ရင်ဆိုင်နေရကြောင်း တောင်ကိုရီးယားသမ္မတ မွန်နှင့် အိမ်ဖြူတော်နှင်းဆီဥယျာဉ်တွင် ရှိနေစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ မြောက်ကိုရီးယား၏ ဒုံးကျည်အစီအစဉ်နှင့် နျူကလီးယားအစီအစဉ်မှာ ကျိန်းသေတုံ့ပြန်ဖို့လိုကြောင်း ဒေါ်နယ်ထရန့် ဆက်လက်ပြောကြားခဲ့သည်။

ထရန့်အနေဖြင့် မြောက်ကိုရီးယားကို ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်မည်ဟု ကြုံးဝါးနေသော်လည်း မည်ကဲ့သို့ပြုလုပ်မလဲဆိုသည်နှင့် ပတ်သက်ပြီး နည်းလမ်းများရှာဖွေလျက်ရှိကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တက်စ်က မြောက်ကိုရီးယားအပေါ် စစ်ရေးအရ ဖြေရှင်းခြင်းသည် မလိုလားအပ်သော ဝမ်းနည်းမှုများဖြစ်ပေါ်လာနိုင်ပြီး ထင်မှတ်မထားနိုင်လောက်အောင် အခြေအနေထိ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။ ထရန့်အနေဖြင့် မြောက်ကိုရီးယား၏ အိမ်နီးချင်းဖြစ်သော တရုတ်ကို ဆွဲဆောင်ရန် မျှော်လင့်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားပြီး မြောက်ကိုရီးယားကို တွန်းလှန်ရန် တရုတ်နှင့်ကုန်သွယ်ရေးအရ ဆက်လက်ရပ်တည်နိုင်ရန်




လိုလားလျက်ရှိကြောင်း သိရသည်။

ထရန့်အနေဖြင့် အိမ်နီးချင်းနိုင်ငံများက မြောက်ကိုရီးယားကို အရေးယူမှုများပြုလုပ်နိုင်ရန် အကောင်းဆုံးနည်းလမ်းကို အမြန်ဆုံးရှာဖွေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ယူကရိန်းဆိုက်ဘာတိုက်ခိုက်မှုတွင် ရုရှားအေဂျင်စီများပါဝင်နိုင်ကြောင်း ယူကရိန်း ဗဟိုစုံစမ်းထောက်လှမ်းရေးအေဂျင်စီပြော



**ကိယက်ဗ် ဇူလိုင် ၁**

ယူကရိန်းကို တိုက်ခိုက်ခဲ့သည့် မကြာသေးမီက ဖြစ်ပွားခဲ့သော ဆိုက်ဘာတိုက်ခိုက်မှုများတွင် ရုရှား လုံခြုံရေးအေဂျင်စီများ ပါဝင်နိုင်ခဲ့ကြောင်း ယူကရိန်းက ဇူလိုင် ၁ ရက်က ပြောခဲ့သည်။

ယူကရိန်းတွင် စတင်ဖြစ်ပွားခဲ့ပြီး ကမ္ဘာအနှံ့ ပျံ့နှံ့ခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုများသည် ယူကရိန်းတွင် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဗဟိုဓာတ်အားလိုင်းကို တိုက်ခိုက်ခဲ့သည့် ဟက်ကာများဖြစ်ကြောင်း ယူကရိန်း ဗဟိုစုံစမ်းထောက်လှမ်းရေးအေဂျင်စီက ပြောခဲ့သည်။

ယူကရိန်း နိုင်ငံရေးသမားများက အင်္ဂါနေ့က ဆိုက်ဘာတိုက်ခိုက်ခံရခြင်းနှင့် ပတ်သက်ပြီး ရုရှားကို ပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့သော်လည်း ကရင်မလင်းပြောရေးဆိုခွင့်ရှိသူက အခြေအမြစ်မရှိသည့် စွပ်စွဲချက်များဖြစ်ကြောင်း ပြောခဲ့သည်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကုမ္ပဏီများမှ ပညာရှင်များက သင်္ဘောဆိပ်ကမ်းပေါင်းမြောက်မြားစွာကို နှောင့်ယှက်ခဲ့ပြီး ဩစတြေးလျရှိ ချောကလက်စက်ရုံပိတ်ခဲ့ရကာ ဘဏ်များအပါအဝင် နိုင်ငံပေါင်း ၆၀ ကျော်တွင် ဆိုးကျိုးများဖြစ်ပွားခဲ့သည့် ဆိုက်ဘာတိုက်ခိုက်မှုနောက်ကွယ်က မည်သူဖြစ်မလဲ ဆိုသည်ကို ကြိုးစားရှာဖွေနေကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ဗိုင်းရပ်စ်ကာကွယ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ရရှိလာသော အချက်အလက်များအရ ယခုတိုက်ခိုက်ခံရမှုသည် လွန်ခဲ့သောနှစ် ဒီဇင်ဘာ ၂၀၁၆ ခုနှစ်က ဘဏ္ဍာရေးဆိုင်ရာစနစ်များကို နှောင့်ယှက်မှုပြုသွားသည့် ဟက်ကာသမားများဖြစ်နိုင်ကြောင်း ယူကရိန်းဗဟိုစုံစမ်းထောက်လှမ်းရေး အေဂျင်စီက ပြောခဲ့သည်။ ထို့အပြင် ရရှိလာသော အချက်အလက်များအရ ယခုဖြစ်ပွားခဲ့သော ဆိုက်ဘာတိုက်ခိုက်ခံရမှုတွင် ရုရှားလုံခြုံရေး အေဂျင်စီများလည်း ပါဝင်ခဲ့ကြောင်း အဆိုပါ အေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## ဘင်္ဂလားဒေ့ရှ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်မှာ တစ်နှစ်ကြာခဲ့သော်လည်း လုံခြုံရေးတင်းကျပ်နေဆဲ

**ဒါကာ ဇူလိုင် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ စားတော်ဆက်တစ်ခုတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်မှာ တစ်နှစ်ကြာခဲ့ပြီဖြစ်သော်လည်း လုံခြုံရေးအခြေအနေမှာ တင်းကျပ်နေဆဲရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဇူလိုင် ၁ ရက်ကဖော်ပြခဲ့သည်။

လွန်ခဲ့သော ၂၀၁၆ခုနှစ် ဇူလိုင် ၁ရက်နေ့က လက်နက်ကိုင်အုပ်စုတစ်စုသည် ဒါကာမြို့ရှိ စားတော်ဆက်တွင် ဝင်ရောက်ပစ်ခတ်မှုများပြုလုပ်ခဲ့ပြီးနောက် နိုင်ငံခြားသားများနှင့် ဆိုင်ဝန်ထမ်းများကို ဓားစာခံအဖြစ်ခေါ်ဆောင်သွားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် လူ ၂၂ ဦးသေဆုံးခဲ့ပြီး သေဆုံးသူများထဲတွင် ဂျပန်နိုင်ငံသား ခုနစ်ဦး ပါဝင်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများပါဝင်သည့် အဆိုပါ တိုက်ခိုက်မှုသည် ဘင်္ဂလားဒေ့ရှ် အခြေစိုက် အိုင်အက်စ်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဟု ပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် နိုင်ငံခြားသားများကို ဦးတည်သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ရဲတပ်ဖွဲ့က ယခုအခါတွင် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ဖြိုခွင်းခဲ့ကြောင်း သိရသည်။ လွန်ခဲ့သော ဩဂုတ်လက အကြမ်းဖက်မှုနောက်ကွယ်က ကြိုးကိုင်သူအဖြစ် သံသယရှိသူတစ်ဦးကို အပြန်အလှန်တိုက်ခိုက်မှုပြုရင်း ရဲတပ်ဖွဲ့က သုတ်သင်နိုင်ခဲ့ကြောင်း သိရ သည်။

ထို့အပြင် အခြားအကြမ်းဖက်သမားများကိုလည်း ရဲတပ်ဖွဲ့က ဆက်လက် ဖမ်းဆီးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။ အကြမ်းဖက်သမားများကို တိုက်ခိုက်ဖြိုခွင်းခြင်းက ၎င်းတို့အား အင်အားနည်းစေသည်မှန်သော်လည်း တိုက်ခိုက်မှုအချို့မှာ ဖိလစ်ပိုင်နိုင်ငံအတွင်းဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**


# အမေရိကန်နှင့် ဖိလစ်ပိုင် နှစ်နိုင်ငံရေတပ်များပူးပေါင်းကာ ဖိလစ်ပိုင်ရေပိုင်နက်တွင် ကင်းလှည့်

**မနီလာ ဇူလိုင် ၁**

ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နှစ်နိုင်ငံ ရေတပ်များသည် ဇူလိုင် ၁ ရက်က အိုင်အက်စ်အကြမ်းဖက်သမားများနှင့် ပင်လယ်ဓားပြများ ကြီးစိုးနေသည်ဟု နိုင်ငံတကာ စိုးရိမ်ပူပန်မှုများမြင့်တက်နေပြီး အန္တရာယ်ထူပြောလှသော ဖိလစ်ပိုင်ရေပိုင်နက်တွင် ပူးတွဲကင်းလှည့်မှုပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။


အမေရိကန်ပြည်ထောင်စု တိုက်ခိုက်ရေးရေယာဉ် ယူအက်စ်အက်စ်ကော်ရိုနာဒိုသည် ဖိလစ်ပိုင်ရေတပ်မှ စစ်သင်္ဘော ဘီအာရ်ပီအယ်လ်ကာရက်ဇ်နှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်ကတည်းက စကာ ကုန်သွယ်ရေကြောင်းသင်္ဘောများကို ပင်လယ်ဓားပြများ တိုက်ခိုက်နေသည်ဟု နာမည်ကြီးသည့် ဆူလူးပင်လယ်တွင် ကင်းလှည့်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နှင့်ပူးတွဲ၍ ပင်လယ်ပြင်ပူးတွဲကင်းလှည့်ဆောင်ရွက်မှုသည် မဟာမိတ်နိုင်ငံများအပေါ်ထားသော ကတိကဝတ်များကို မည်မျှလေးစားကြောင်း ပြသရာရောက်သလို ပင်လယ်ဓားပြများနှင့် တရားမဝင်လုပ်ရပ်များကိုလည်း ဟန့်တားလိုရင်းကြောင့် ဖြစ်ကြောင်း အမေရိကန်ရေတပ်ဗိုလ်ချုပ် ဒွန်ကာဘရီဆင်နိက မနီလာရှိ အမေရိကန်သံရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင်ပြောကြားခဲ့သည်။ လွန်ခဲ့သော ငါးပတ်က ဖိလစ်ပိုင်တောင်ပိုင်း မာရဝီမြို့ကို




သိမ်းပိုက်ခဲ့သော မွတ်စလင် သူပုန်များနှင့် ဆက်သွယ်ရန် မလေးရှားနှင့် အင်ဒိုနီးရှား ပင်လယ်နယ်နိမိတ်ကို ဖြတ်ကျော်လာမည့် အိုင်အက်စ်အကြမ်းဖက်သမားများ၏ ရန်ကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းက စိုးထိတ်နေသည်။ အဆိုပါမာရဝီတိုက်ခိုက်မှုတွင် စစ်သွေးကြွ ၃၀၀၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၈၂ဦးနှင့် အရပ်သား ၄၄ ဦးကျဆုံးခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်အစိုးရ၏ ဖိတ်ကြားချက်ဖြင့် ယခုလို ရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်း ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# GTalk ကို တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်၍ Hangouts ကို ပြောင်းလဲအသုံးပြုရမည်




**ရန်ကုန် ဇူလိုင် ၁**
၂၀၀၅ ခုနှစ်မှ စတင်ပေါ်ပေါက်ပြီး နှစ်ပေါင်း အတန်ကြာသည့်တိုင်အောင် လူသုံးအများဆုံး ဖြစ်ခဲ့သော Instant Messenger ဆော့ဖ်ဝဲ တစ်ခုဖြစ်သည့် GTalk နှင့်ပတ်သက်သည့် ဝန်ဆောင်မှု အားလုံးကို Google ကုမ္ပဏီက ဇွန် ၂၆ ရက်တွင် တရားဝင် ရပ်ဆိုင်းလိုက်ပြီဖြစ်၍ Gtalk အသုံးပြုနေသူများအနေဖြင့် Google ၏ အခြား Instant Messenger ဆော့ဖ်ဝဲဖြစ်သော Hangouts ကို ပြောင်းလဲအသုံးပြုရတော့မည်ဖြစ်သည်။

Google အနေဖြင့် ပြီးခဲ့သည့် သုံးနှစ်ခန့်မှစ၍ GTalk နှင့်ပတ်သက်သည့် ဝန်ဆောင်မှုသစ်များ ထုတ်လုပ်ခြင်းကို ရပ်ဆိုင်းကာ Gtalk အသုံးပြုနေသူများအနေဖြင့် Google ၏ အခြား Messenger ဖြစ်သော Hangouts ကို ပြောင်းသုံးရန် တိုက်တွန်းမှုများ ပြုလုပ်ခဲ့ပြီး ဝန်ဆောင်မှုသစ်များကို Hangouts ဘက်တွင်သာ ဖြည့်စွက်ပေးနေခဲ့ခြင်းဖြစ်သည်။ ထို့နောက် Gtalk ကို ဇွန် ၂၆ ရက်တွင် အပြီးသတ် ရပ်ဆိုင်းမည်ဖြစ်ကြောင်း ယခုနှစ် မတ်လအတွင်းက ကြေညာခဲ့ပြီးနောက် ယခု ဇွန် ၂၆ ရက်တွင် ဝန်ဆောင်မှုများအားလုံးကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အင်တာနက်ကို စတင်အသုံးများလာခဲ့ချိန်သည် ၂၀၀၅ ခုနှစ်ခန့်ပင်ဖြစ်ရာ ထိုအချိန်မှစ၍ ပြည်တွင်းမှ အင်တာနက်အသုံးပြုနေသူများအနေဖြင့် GTalk ကို ထိတွေ့ရင်းနှီးခဲ့ပြီး Google ၏ အဓိကဝန်ဆောင်မှုဖြစ်သော Gmail ကဲ့သို့ပင် ထိုအချိန်က လူတိုင်းအတွက် မရှိမဖြစ် အသုံးဝင်ခဲ့သော Messenger ဆော့ဖ်ဝဲဖြစ်ခဲ့သည်။ အင်တာနက်သုံးသူချင်း စာရိုက်စကားပြောရန်အတွက် GMail ရှိရုံဖြင့်ပင် သုံးနိုင်ပြီး သီးသန့် Account များ ထပ်ဖွင့်ရန် မလိုအပ်သလို အသုံးပြုရာတွင်လည်း အင်တာနက် လိုင်းမကောင်းသည့်တိုင် မြန်ဆန်ပေါ့ပါးခြင်း၊ လုံခြုံမှုရှိခြင်းတို့ကြောင့် GTalk သည် ပြည်တွင်းမှ အင်တာနက်အသုံးပြုသူများအတွက် အသုံးအဝင်ဆုံး ဆော့ဖ်ဝဲတစ်ခုဖြစ်ခဲ့သည်။

ယခုနောက်ပိုင်းတွင် ပြည်တွင်းမှ အင်တာနက်အသုံးပြုသူများအနေဖြင့်မူ မိုဘိုင်းဖုန်းများဖြင့် အသုံးပြုနေကြခြင်းဖြစ်ရာ မိုဘိုင်းဖုန်းပေါ်တွင် အဓိက Instant Messenger အနေဖြင့် Facebook Account ရှိရုံဖြင့် သုံးနိုင်သော Facebook Messenger ကို အများဆုံး သုံးစွဲနေကြသလို မိုဘိုင်းဖုန်းကွန်ရက်ကို အခြေခံသော Messenger များဖြစ်သည့် Viber အပါအဝင် အခြား Messenger App များကိုသာ သုံးနေကြပြီး GTalk သုံးစွဲမှုမှာ မရှိသလောက် နည်းနေပြီဖြစ်သည်။

Google အနေဖြင့်လည်း ၂၀၁၃ ခုနှစ်မှစ၍ Hangouts ကို မိတ်ဆက်ခဲ့ပြီး နောက်ပိုင်းတွင် Hangouts ကိုသာ အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးခဲ့သလို နောက်ပိုင်းတွင် Gmail ထဲတွင်လည်း Hangouts ကို ထည့်သွင်းမိတ်ဆက်ပေးခဲ့သည်။ GTalk ကို ရပ်ဆိုင်းလိုက်သည့် လက်ရှိအချိန်တွင် Gmail အသုံးပြုသူများအနေဖြင့် Hangouts ကို အီးမေးလ်ထဲမှလည်းကောင်း၊ သီးသန့် Hangouts ဆော့ဖ်ဝဲဖြင့်လည်းကောင်း၊ အင်တာနက် Browser များတွင် https://hangouts.google.com/ဝက်ဘ်ဆိုက်မှတစ်ဆင့်လည်းကောင်း အသုံးပြုနိုင်သလို မိုဘိုင်းဖုန်းများတွင် အသုံးပြုရန်အတွက်လည်း Hangouts App များကို Google မှ ထုတ်လုပ်ပေးထားပြီးဖြစ်သည်။

**သူရဖြိုး**

# ယာယီတိုက်ပွဲရှောင်စခန်း ၁၃ ခုအတွက် ဆန်အိတ်နှစ်ရာကျော် ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၁**
မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်း ၁၃ ခုတွင် ရောက်ရှိနေကြသော ပြည်သူများအတွက် ဆန်အိတ် ၂၀၀ ကျော်ကို ကချင်ပြည်နယ်အစိုးရက ဇွန် ၃၀ ရက်တွင် တိုက်ပွဲရှောင်စခန်းများသို့သွားရောက်၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကချင်ပြည်နယ်အစိုးရအဖွဲ့ကနေ ထောက်ပံ့ပေးအပ်တာပါ။ အခုက IDPs စခန်းတွေက ခြောက်နှစ်ကျော်လာပြီးဆိုတော့ နိုင်ငံတကာအဖွဲ့အစည်းတွေက ထောက်ပံ့မှုတွေ လျော့ချလာခဲ့တယ်။ ဒါကြောင့် စခန်းနေပြည်သူတွေအနေနဲ့ စားဝတ်နေရေး အဆင်ပြေဖို့ ထောက်ပံ့ပေးအပ်တာပါ" ဟု ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ပြောသည်။

မြစ်ကြီးနားမြို့တပ်ကုန်ရပ်ကွက်ရှိ ဂါလီလဲ ယာယီတိုက်ပွဲရှောင်စခန်းသို့ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ရာတွင် ဝန်ကြီးက နိုင်ငံတော်က ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ ယခင်ကလည်း ဆန်အိတ် ၃၀၀ ကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကာ နောက်ထပ်၍လည်း တစ်လတစ်ကြိမ် သို့မဟုတ် နှစ်လတစ်ကြိမ် ထောက်ပံ့ပေးအပ်ရန် စီစဉ်ထားကြောင်း ဆက်လက်ပြောကြားသည်။

ဆန်အိတ်များ ထောက်ပံ့ပေးအပ်ရာတွင် ဂါလီလဲ ယာယီတိုက်ပွဲရှောင်စခန်းနေ အိမ်ထောင်စု ၃၁ စု လူဦးရေ ၁၇၃ ဦးအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်နှုန်းဖြင့် ဆန်အိတ် ၁၁ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကာ တပ်ကုန်နှစ်ခြင်းစခန်းရှိ အိမ်ထောင်စု ၆၅ စုအတွက် ၂၂ အိတ်၊ အင်ဂျန်ဒုံစခန်းမှ အိမ်ထောင်စု ၆၄ စုအတွက် ၂၂ အိတ်၊ စီတာပူဆွတ်ပိုင်တောင်စခန်းမှ အိမ်ထောင်စု ၁၁၉ စုအတွက် ဆန်အိတ် ၄၀၊ မန်ခိန်နှစ်ခြင်းစခန်းမှ အိမ်ထောင်စု ၁၀၀ အတွက် ၃၄ အိတ်၊ ရွှေစက်နှစ်ခြင်းစခန်းမှ အိမ်ထောင်စု ၉၁ စုအတွက် ၃၁ အိတ် အပါအဝင် မောနွေလစခန်း၊ စံပြနှစ်ခြင်းစခန်း၊ ရာဒါကောင်းဘီစခန်း၊ ဒူကထောင်နယ်မြေ (၄) စခန်း၊ နယ်မြေ (၅) စခန်း၊ နယ်မြေ (၁၄) စခန်း၊ သီတာအေးနှစ်ခြင်းစခန်းတို့မှ အိမ်ထောင်စုပေါင်း ၆၁၈ စုအတွက် ဆန် ၂၁၁ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ကချင်ပြည်နယ်အတွင်းရှိ ယာယီတိုက်ပွဲရှောင်စခန်းများတွင် နေထိုင်လျက်ရှိသော ပြည်သူများအတွက် ဆန်ထောက်ပံ့ပေးမှုများအပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကချင်ပြည်နယ်အစိုးရနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး စက်မှုလက်မှုပညာရပ် သင်တန်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိကာ သင်တန်းများအတွက်လိုအပ်သော ပစ္စည်းများကိုလည်း ပြည်နယ်အစိုးရနှင့် ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူးရုံးတို့က ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ပညာရေးအထောက်အကူပြု Samsung Quiz Show ရုပ်သံအစီအစဉ်ကို မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁**
မြန်မာနိုင်ငံအတွင်းရှိ ဉာဏ်ရည်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများအားထုတ်ဖော်ပြီး ထိုကျောင်းသား ကျောင်းသူများအား မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့အကောင်းဆုံးကြိုးစားရန် တွန်းအားပေးမည့် ပညာရေးအထောက်အကူပြု ဉာဏ်စမ်းရုပ်မြင်သံကြား အစီအစဉ် Samsung Quiz Show ကို Samsung Myanmar က ဇွန် ၂၇ ရက်က စတင်မိတ်ဆက်ထားသည်။




Samsung Quiz Show Logo **ကို ပညာရေးဝန်ကြီးဌာန၊** MNTV **နှင့် ဆမ်ဆောင်းမှ တာဝန်ရှိသူများက ဖွင့်လှစ်ပေးစဉ်**

အဆိုပါ အစီအစဉ်မှတစ်ဆင့် ပညာရေး၏ တန်ဖိုးကြီးမားပုံကို မီးမောင်းထိုးပြမည်ဖြစ်ပြီး လူငယ်များအနေဖြင့် ပိုမိုလေ့လာသင်ကြားလိုစိတ် ဖြစ်ပေါ်လာရန် လှုံ့ဆော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်နှင့် ပတ်သက်၍ ဆမ်ဆောင်းမြန်မာမှ မားကတ်တင်းအရာရှိ Mr. Richard See က "ကျွန်တော်တို့ ဒီအစီအစဉ်ကို ၂၀၁၃ တုန်းက တစ်ကြိမ် ပြုလုပ်ဖူးပါတယ်။ အခုက ဒုတိယအကြိမ်ပါ။ ဒီတစ်ကြိမ်မှာတော့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေအတွက် တင်ဆက်ပုံ အသစ်နဲ့ လက်ရှိအနေအထားတွေအပေါ် မူတည်ပြီး ပြန်လည်အသက်သွင်းထားပါတယ်။ ကျွန်တော် တို့ ဒီအစီအစဉ်ပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဖော်ဆောင်ရာမှာ ပညာရေးက အရမ်းအရေးကြီးတယ်ဆိုတဲ့အချက်ရယ်၊ လူငယ်တွေကို ငယ်ရွယ်စဉ်ကတည်းက ကောင်းမွန်စွာ ပြုစုပျိုးထောင်ရင် နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ် ခေါင်းဆောင်ကောင်းတွေ ဖြစ်လာနိုင်တယ်ဆိုတာရယ် မီးမောင်းထိုးပြလိုတာဖြစ်ပါတယ်" ဟု ပြောသည်။

အစီအစဉ်ဖြစ်မြောက်ရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုမှ ကျောင်း ၃၃ ကျောင်းကို ရွေးချယ်ကာ ကျောင်းတစ်ကျောင်းလျှင် ကျောင်းသား ကျောင်းသူ သုံးဦးနှုန်းဖြင့် ထူးချွန် ထက်မြက်သည့် ကျောင်းသား ကျောင်းသူများအား ရွေးချယ်ဖွဲ့စည်းထားသည်။ ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများအား ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နှင့် Final Round ဟူ၍ Level တစ်ခုခြင်းစီတွင် အမျိုးအစားမတူညီသည့် ပုံစံများဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ဉာဏ်စမ်းမေးခွန်းများအပြင် ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်မှတစ်ဆင့် မိဘတွေ၊ ဆရာ ဆရာမတွေအနေနဲ့ သူတို့ရဲ့ သားသမီးတွေ၊ ကျောင်းသား ကျောင်းသူတွေကို ကျောင်းသင်ခန်းစာတွေသာမက ကျောင်းပြင်ပဗဟုသုတနဲ့ တခြား အရေးပါတဲ့ ကျွမ်းကျင်မှုတွေကိုပါ လေ့လာလိုက်စားသင့်ကြောင်း မြေတောင်မြှောက်ပေးစေလိုတာ ဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ အနယ်နယ်အရပ်ရပ်က ကျောင်းသား ကျောင်းသူလေးတွေအနေနဲ့လည်း ဒီအစီအစဉ်မှာ ပါဝင်ယှဉ်ပြိုင်ရင်း ပျော်ရွှင်စရာ အမှတ်တရတွေ ဆုတွေ ရရှိဆွတ်ခူးကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု Mr. Richard See က ဆက်ပြောသည်။

အဆိုပါ Samsung Quiz Show ၏ Final Round အဆင့်သို့ ရောက်ရှိမည့် ကျောင်းသုံးကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကိုရီးယားနိုင်ငံသို့ လေ့လာရေးခရီးစဉ် ခေါ်ဆောင်ကာ နောက်ဆုံး အနိုင်ရရှိသည့်အဖွဲ့မှ ကျောင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျပ်သိန်း ၄၀၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ နှင့် ပညာသင်ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ Samsung Quiz Show အစီအစဉ်ကို ဇွန် ၃၀ ရက်မှစ၍ MNTV ရုပ်သံလိုင်းမှ အပတ်စဉ် သောကြာနေ့တိုင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ရထားတံတားသစ်ဖွင့်နိုင်၍ မန္တလေး-မြစ်ကြီးနားရထားများ သွားလာရေး အဆင်ပြေ

**အင်းတော် ဇူလိုင် ၁**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ကံကြီးဘူတာနှင့် ဇော်ချောင်းဘူတာကြား မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းပေါ်ရှိ တံတားအမှတ် (BR 281) ကို ဇွန် ၃၀ ရက်က အင်ဂျင်နီယာဌာနသုံးရထားတွဲဖြင့် စမ်းသပ်မောင်းနှင်ကာ ဖွင့်လှစ်ပေးနိုင်ခဲ့၍ မန္တလေး-မြစ်ကြီးနား ရထားများအနေဖြင့် စိတ်ချလုံခြုံစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရထားတံတားမှာ အရှည် ၂၅၆ ပေရှိပြီး ရထားစမ်းသပ်မောင်းနှင်ချိန်နှင့် တံတားဖွင့်ပွဲတွင် ရွာထောင်နှင့် ကောလင်း မီးရထားဌာနများမှ တိုင်းမန်နေဂျာ၊ လက်ထောက်မန်နေဂျာ၊ မြို့ပြအင်ဂျင်နီယာနှင့် ကြီးကြပ်ရေးမှူးတို့က လာရောက်ကြီးကြပ်ကြည့်ရှုကာ ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ အဆိုပါတံတားကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလဆန်းက စတင်တည်ဆောက်ခဲ့ပြီး ယခု မိုးတွင်းကာလအမီ တံတားသစ်ကို ဖွင့်လှစ်နိုင်ခဲ့၍ ရထားဖြင့်ခရီးသွားနေရသော ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေရှီးမြို့နယ်၌ သီးနှံများထိခိုက်မှုနှင့် ကျွဲ၊ နွားများ သေဆုံးမှုအတွက် ထောက်ပံ့မှုရရှိနိုင်ရေး ဆောင်ရွက်မည်

**မုံရွာ ဇူလိုင် ၁**

မေလအတွင်းက မိုးသည်းထန်စွာရွာသောကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် သီးနှံများထိခိုက်ပျက်စီးမှုများရှိရာ တောင်သူများထံသို့ နိုင်ငံတော်မှ ထောက်ပံ့ပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

"နာဂဒေသလေရှီးမြို့နယ်မှာ မေ ၃၀ ရက်က မိုးရေချိန် ၁ ဒသမ ၈၅ လက်မနဲ့ မေ ၃၁ ရက်က မိုးရေချိန် ၆ ဒသမ ၆၅ လက်မရွာတဲ့အတွက် သီးနှံထိခိုက်ပျက်စီးတဲ့အပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကွင်းဆင်းစစ်ဆေးရာမှာ မိုးစပါးတစ်ဧက၊ ပြောင်းဖူးခင်း ၂၂ ဧက ထိခိုက်ပျက်စီးခဲ့တယ်ဆိုတာ တွေ့ရတယ်။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သီးနှံပျက်တဲ့အပေါ် သီးနှံထောက်ပံ့ကြေးငွေအနေနဲ့ မိုးစပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းနဲ့ ပြောင်းဖူးခင်း တစ်ဧက ငွေကျပ်ခုနစ်သောင်းနှုန်း သတ်မှတ်ပြီး စုစုပေါင်း သီးနှံထောက်ပံ့ငွေကျပ် ၁၆ သိန်း ၄ သောင်းကို တောင်သူတွေဆီ နိုင်ငံတော်က ထောက်ပံ့ပေးနိုင်ဖို့အတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒေါက်တာဇော်ဝင်းက ပြောပြသည်။

လေရှီးမြို့နယ်အတွင်း မေ ၃၀ ရက်နှင့် ၃၁ ရက်တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် ရန်နွေးနှင့် ပွန်းကိုင်လင်ကျေးရွာအုပ်စုတို့တွင် အိမ်ထောင်စု ၂၄ စု၏ နွား ၁၂၂ ကောင်၊ ကျွဲအကောင် ၃၀ မှာ ရေတွင်မျောပါပျောက်ဆုံးခဲ့ပြီး ဝါးတော ထိန့်ဖာရန်နှင့် ဆုံလင်ရန်ကျေးရွာအုပ်စုတို့တွင် နွား ၁၀ ကောင် သေဆုံးခြင်းတို့အတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ အတည်ပြုချက်ဖြင့် အမှန်ပျောက်ဆုံး မျောပါသေဆုံးကောင်ရေစာရင်းနှင့် တန်ဖိုးတွက်ချက်မှုများရရှိပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်ထောင်စုဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုပိုင်းလွတ်မြို့ ရဲစခန်းရှေ့မြေကာနံရံပြိုကျ

**မိုပိုင်းလွတ် ဇူလိုင် ၁**

ဇွန် ၃၀ ရက် ညနေပိုင်းမှ စတင်ကာ မိုးသည်းထန်စွာရွာသွန်းပြီး ပြတ်ရွှေ့ကြောဖြစ်ပေါ်မှုကြောင့် ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲခန့်က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့ရှိ ရဲစခန်းရှေ့ မြေကာနံရံကွဲအက် ပြိုကျပျက်စီးခဲ့သည်။ **(ယာပုံ)**



၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ပြတ်ရွှေ့ကြော ဖြစ်ပေါ်မှုကြောင့် မိုပိုင်းလွတ်မြို့ရှိ အချုပ်ခန်း ပြိုကျပျက်စီးခဲ့ကာ အဆိုပါ ပြိုကျပျက်စီးခဲ့သောအချုပ်ခန်းအား ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုငွေကျပ် ၈၂၀၅၀၀၀၀ သန်းဖြင့် စာရာမေရိကုမ္ပဏီမှအချုပ်ခန်းဆောက်လုပ်ခြင်းလုပ်ငန်းကို အလျား ပေ ၄၀ ×အနံ ၄၈ ပေ×အမြင့် ၁၂ ပေ ကို ကုန်ကျ ငွေကျပ် ၁၆၄၅၀၀၀၀ သန်းနှင့် မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းကို အလျား ၁၂ ပေ×အမြင့် ပေ ၂၀ ကို ကုန်ကျ ငွေကျပ် ၆၅၆၀၀၀၀၀ သန်းဖြင့် အချုပ်ခန်း ပြန်လည်တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး မြေကာနံရံတည်ဆောက်ခြင်းကို ယခုနှစ် ဖေဖော်ဝါရီလတွင် အပြီးပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အဆိုပါ မြေကာနံရံသည် မိုးသည်းထန်စွာရွာသွန်းပြီး ပြတ်ရွှေ့ကြောဖြစ်ပေါ်မှုကြောင့် ယနေ့ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက မြေကာနံရံကွဲအက်ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဖလှယ်ရေး အစီအစဉ်တက်ရောက်ရန် ကျောင်းသား ကျောင်းသူနှစ်ဦး တရုတ်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁**

အပြည်ပြည်ဆိုင်ရာ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဖလှယ်ရေး နွေရာသီစခန်း(International Student Exchange Summer Camp)သို့ တက်ရောက်ရန် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်မှ ကျောင်းသား ကျောင်းသူနှစ်ဦးသည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာသွားသည်။ အဆိုပါ အစီအစဉ်ကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးပြည်နယ်ရှိ ဇီချွမ်တက္ကသိုလ် West China School of Stomatology တွင် ကျင်းပမည်ဖြစ်ရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ပြည့်ဖြိုးဝင်းနှင့် မချစ်စုတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# လေရှီးမြို့၌ ပြိုပျက်နေသောလမ်းများ ပြုပြင်

**လေရှီး ဇူလိုင် ၁**

နာဂဒေသ လေရှီးမြို့တွင် မိုးကြီးပြီး ပြိုပျက်တိုက်စား၍ မြို့တွင်းလမ်းတံတားများ ပျက်စီးမှုအများအပြားရှိခဲ့သည်။အဆိုပါ လမ်းတံတားများကို လေရှီးမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးဌာနက အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ထိန်းသိမ်းမှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးတွင်းကာလဖြစ်၍ မိုးရေချိန်များသောတောင်တန်းဒေသတွင် မိုးရွာသွန်းနေမှုကြောင့် မြို့တွင်းလမ်းတံတားများ ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများတွင် အခက်အခဲများစွာရှိနေပြီး ဒေသတွင်းလုပ်ငန်းများကို ခက်ခဲစွာလုပ်ဆောင်ပေးနေကြသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့ကလည်း အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သင်ယူသူကိုဗဟိုပြုသည့် သင်ကြားနည်းစနစ်များ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်တိုင်း ကောင်းစွာပညာသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာ ပညာမသင်ကြားနိုင်ပါက ကလေး၏အပြစ်မဟုတ်ဘဲ ကျောင်း၏အပြစ်သာဖြစ်ကာ ပညာရေးဝန်ကြီးဌာနမှာသာ တာဝန်ရှိကြောင်းနှင့် သင်ကြားသင်ယူမှု နည်းစနစ်များကိုလည်း သင်ယူသူကို ဗဟိုပြုသည့် သင်ကြားနည်းစနစ်များ ဖြစ်လာရန် နှစ်စဉ် ဆရာ ဆရာမ မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဇွန်လနောက်ဆုံးပတ်က ပြောကြားသည်။

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် မေလနောက်ဆုံးပတ်က ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ကျောင်းပေါင်း ၄၆၀၀၆ ကျောင်း၌ ဆရာ ဆရာမ စုစုပေါင်း ၃၆၀၀၀၀ နှင့် ကျောင်းသား စုစုပေါင်း ၉ ဒသမ ၅ သန်းရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်တိုင်း ကောင်းစွာပညာသင်ကြားနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်စွာပညာမသင်ကြားနိုင်ပါက ကလေး၏အပြစ်မဟုတ်ဘဲ ကျောင်း၏အပြစ်သာဖြစ်ကာ ပညာရေးဝန်ကြီးဌာနမှာသာ တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးအရည်အသွေး ကောင်းမွန်ရန်အတွက် ဆရာ ဆရာမများ အရည်အသွေးမြင့်မားရန် လိုအပ်သဖြင့် နှစ်နှစ်သင် ပညာရေးကောလိပ်ကို လေးနှစ်သင် ပညာရေးဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်နေကြောင်း၊ သင်ရိုးညွှန်းတမ်းများ၏ အရည်အသွေးသည်လည်း အဓိကကျသည့်အတွက် သင်ရိုးညွှန်းတမ်းများကို Kg+12 အရ အဆင့်မြှင့်တင်နေကြောင်း၊ ထို့နည်းတူ သင်ကြားသင်ယူမှုနည်းစနစ်များကိုလည်း သင်ယူသူကိုဗဟိုပြုသည့် သင်ကြားနည်းစနစ်များဖြစ်လာရန် နှစ်စဉ်ဆရာ ဆရာမ မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက်က ကျင်းပခဲ့သည့် ကျောင်းနေအရွယ်ကလေးများအတွက် လွယ်အိတ်နှင့် စာရေးကိရိယာအစုံရေ ၁၅၀၀၀ ကို ကူဘိုတာကုမ္ပဏီမှ တတိယအကြိမ်မြောက် လှူဒါန်းပွဲတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မနှစ်က ကူဘိုတာကုမ္ပဏီက လွယ်အိတ်နဲ့စာရေးကိရိယာ အစုံရေ ၁၅၀၀၀ မှာ ၅၀၀၀ ကို ပညာရေးဝန်ကြီးဌာနကို ပေးတယ်၊ ဒီနှစ်တော့ အစုံရေ ၉၀၀၀ ကို ပညာရေးဝန်ကြီးဌာနကို ပေးပြီးတော့ ဌာနအနေနဲ့ မျက်မမြင်နဲ့ နားမကြားတဲ့ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းက ကလေးတွေကို ပေးမယ်။ ကျန်တာတွေကိုတော့ တခြား တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ပြန်လည်ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကူဘိုတာကုမ္ပဏီက ဇွန်လတွင် ကျရောက်သည့် မြန်မာနိုင်ငံ ကလေးများနေ့နှင့် အပြည်ပြည်ဆိုင်ရာကလေးသူငယ်များနေ့ အထိမ်းအမှတ်အဖြစ် လွယ်အိတ်နှင့် စာရေးကိရိယာအစုံရေ ၁၅၀၀၀ ကို လှူဒါန်းခြင်းဖြစ်ပြီး နယ်မြေဒေသအများအပြားသို့ ရောက်ရှိနိုင်ရန် ပညာရေးဝန်ကြီးဌာနသို့ အစုံရေ ၉၀၀၀ ကို ပေးအပ်ကာ တရားဝင် အရောင်းကိုယ်စားလှယ်များက အစုံရေ ၆၀၀၀ ကို သီးခြားလှူဒါန်းသွားမည်ဖြစ်ကြောင်း ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ Mr.Toyokazu Murat က ပြောကြားသည်။

၂၀၁၇ ခုနှစ်အတွင်းKUBOTA Sharing the Future Project အနေဖြင့် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပညာရေးအသုံးအဆောင်ပစ္စည်း အစုံရေ ၄၅၀၀၀ ကို ထောက်ပံ့လှူဒါန်းမည်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးများအတွက် ပညာရေးသင်ထောက်ကူပစ္စည်းများကို အစိုးရအဖွဲ့အစည်းနှင့် တရားဝင် အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း SIAM KUBOTA Corporation Co.,Ltd ၏ ကုမ္ပဏီမှ တာဝန်ရှိသူ Mr.Somboon Chintanaphol က ပြောကြားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၃၀ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၆၀၊ သွင်းကုန် ၅၉၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၄၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၃၀ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော "Epson" LCD Projector (10) U ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ခန္တီးမြို့ အနိမ့်ပိုင်းရပ်ကွက်များမှ ပြည်သူများ ရေလွတ်ရာသို့ရွှေ့ပြောင်း

**ခန္တီး ဇူလိုင် ၁**

မိုးများအဆက်မပြတ်ရွာသွန်းနေမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက် မြေနိမ့်ပိုင်းနှင့် မြို့မရပ်ကွက် ဈေးလမ်းတစ်လျှောက်တွင် တောင်ကျရေများ ဝင်ရောက်နေမှုကြောင့် ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များ ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနေရကြောင်း သိရသည်။ မိုးရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၁ ရက် ညနေ ၆ နာရီခွဲက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၂၂၅ စင်တီမီတာသို့ ရောက်ရှိနေပြီး ခန္တီးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၃၆၀ စင်တီမီတာဖြစ်ကာ မိုးဆက်လက်ရွာသွန်းနေပါက စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဒေသခံများက စိုးရိမ်နေကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ငွေကျပ် ၁၂၈ သိန်းဖိုးရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူနှစ်ဦး ဖမ်းမိ

**မုံရွာ ဇူလိုင် ၁**

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ဗဟိုလမ်းပေါ်တွင် ကာလတန်ဖိုးငွေကျပ်၁၂၈ သိန်းဖိုးခန့်ရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို သိုဝှက်ကာ သယ်ဆောင်လာသူနှစ်ဦးကို ဇူလိုင် ၁ ရက် နံနက် ၅ နာရီက ဖမ်းဆီးရမိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တိုင်းမှုခင်းအကူဌာနစု ရဲအုပ်ကျော်နိုင်ဦး၊ ရဲတပ်ကြပ်သန့်ဇော်တို့သည် မူးယစ်ဆေးဝါးများ သယ်ဆောင်လာကြောင်း သတင်းအရ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ဗဟိုလမ်းပေါ်တွင် စောင့်ဆိုင်းခဲ့သည်။

ထိုသို့စောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ် ဆိုင်ကယ်နှစ်စီး စီးလာသူကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ပေါ်တွင်တင်ဆောင်လာသည့် ဂဟေဆော်ရာတွင် အသုံးပြုသော ပုံးနှစ်ပုံးအတွင်းမှ တစ်ခွက်လျှင် ဘိန်းဖြူမှုန့် ၁၀ ဂရမ်ခန့်စီပါသော ဆပ်ပြာခွက်သုံးခွက်၊ WY စာတန်းပါသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၂၈ သိန်းခန့်နှင့်အတူ ငွေစက္ကူရောရာ ငွေကျပ်တစ်သိန်းကိုးထောင်တို့အား ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို သယ်ဆောင်လာသူ မုံရွာမြို့ အလုံရပ် အောင်သာယာနေ မျိုးအောင်နှင့် သပိတ်ကျင်းမြို့နယ် ဝက်သေရွာနေ တိုးနိုင်တို့နှစ်ဦးအား မုံရွာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



# ယာဉ်ပေါ်မှပြုတ်ကျ၍ နောက်ဘီးဖြင့် ကြိတ်မိကာ သေဆုံး

**နေပြည်တော် ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ စက်မှုဇုန်ရပ်ကွက်တွင် ဇွန် ၃၀ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က လူတစ်ဦး ထော်လာဂျီယာဉ်ပေါ်မှ ပြုတ်ကျသေဆုံးကြောင်း သတင်းအရ ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ စက်မှုဇုန်ရပ်ကွက်နေ မင်းခန့်(၂၀ နှစ်) မောင်းနှင်ပြီး စပါးများတင်ဆောင်လာသော ၉ဌ/--- ထော်လာဂျီယာဉ်သည် ရေသန့်စက်ရုံရှေ့လမ်းချိုင့်ခွက်ကို ဖြတ်မောင်းစဉ် ဝဲဘက်ခေါင်းခန်းအား တွယ်ကပ်လိုက်ပါလာသော မင်းကုန်းကျေးရွာနေ ဇင်ဝေထွန်း (၂၅ နှစ်)မှာ ယာဉ်ပေါ်မှပြုတ်ကျပြီး ယာဉ်၏နောက်ဘီးဖြင့် ကြိတ်မိသောကြောင့် ဒဏ်ရာများရရှိသေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် မင်းခန့်အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# အင်းလျားကန်ထဲခုန်ချသူအား ရှာဖွေရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့ပြည်လမ်းရှိ အင်းလျားကန်၌ ယနေ့ညနေ ၃ နာရီ ၅ မိနစ်ခန့်က လူငယ်တစ်ဦး ရေနစ်သွားရာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ည ၁၀ နာရီ မိနစ် ၂၀ ထိ လုပ်ဆောင်ခဲ့သော်လည်း ရှာမတွေ့သေးကြောင်း သိရသည်။

ရေနစ်ပျောက်ဆုံးသွားသူမှာ အုတ်တွင်းမြို့ဥယျာဉ်ခြံကျေးရွာနေ မောင်ရဲလင်းထက် (၂၃ နှစ်)ဖြစ်ပြီး ကုမ္ပဏီသစ်စက်တွင် ကားမောင်းသူတစ်ဦးဖြစ်ကြောင်း သိရသည်။ သူငယ်ချင်းများဖြစ်သည့် ဇော်မျိုးအောင်(၂၃ နှစ်)၊ ချမ်းငြိမ်း (၂၂ နှစ်)၊ လွင်မိုး (၂၄ နှစ်) တို့သည် ကန်ပေါင်ပေါ်တွင် သောက်စားကာ ကျန်ရစ်နေသည်။ ကနဦးသတင်းအရ မောင်ရဲလင်းထက် ရေကူးသွားသည့်နေရာသည် ကန်ပေါင်နှင့် ပေ ၄၀ ဝန်းကျင်ခန့် ကွာဝေးပြီး ပြန်ကူးလာရာ ကန်ပေါင်နှင့် ပေ ၂၀ ခန့်အကွာတွင် ရေနစ်သွားကြောင်း အင်းလျားကန် လုံခြုံရေးရဲကင်းမှ သိရသည်။

"ကျွန်တော်တို့လည်း နယ်မြေရဲထံက သတင်းရပြီဆိုတာနဲ့ ချက်ချင်းထွက်လာပြီး ညနေ ၃ နာရီခွဲခန့်မှာ အင်းလျားကန် စည်ပင်ရဲတပ်ဖွဲ့က လှေတစ်စင်း၊ မီးသတ်အမြန်ရေယာဉ်တစ်စင်းအပြင် အသက်ကယ်လှေတွေနဲ့လိုက်ရှာကာ ရေငုပ်ပြီးနည်းမျိုးစုံနဲ့ ရှာတာ ည ၁၀ နာရီ မိနစ် ၂၀ ထိ မတွေ့ဘူးဖြစ်နေတယ်။ ညမှောင်ထုလွှမ်းလာပြီဆိုတော့ ရှာဖွေတဲ့ တပ်ဖွဲ့ဝင်တွေလည်း အန္တရာယ်ရှိတာကြောင့် နောက်နေ့ မနက် ၇ နာရီမှာ ဆက်ပြီး ရှာသွားမယ်။ နောက်နေ့မနက်ကျရင်တော့ ပိုက်တွေကို ကန်ကြမ်းပြင်ထိချပြီး မတွေ့တွေ့အောင် ရှာသွားမယ်"ဟု ရန်ကုန်အနောက်ပိုင်းခရိုင် မီးသတ်တပ်ဖွဲ့မှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဌေးဝင်းက ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**



# လှိုင်သာယာ အောင်ဇေယျကြိုးတံတားအဆင်း တိုးဂိတ်ခေါင်မိုး ကွန်တိန်နာနှင့်တိုက်မိ၍ ပြိုကျ

**ရန်ကုန် ဇူလိုင် ၁**

လှိုင်သာယာမြို့နယ်၏ ရန်ကုန်-ညောင်တုန်းလမ်းမကြီးဖြစ်သော အောင်ဇေယျကြိုးတံတားအဆင်း တစ်ထိပ်နှင့် သုံးထိပ်ကြားတွင်ရှိသည့် တိုးဂိတ်အား ဇူလိုင် ၁ ရက် နံနက် ၂ နာရီခွဲက သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်မှုမရှိသော ကွန်တိန်နာယာဉ်တစ်စီးမှဖြတ်သန်းစဉ် ကွန်တိန်နာသေတ္တာနှင့် တိုးဂိတ်အမိုးတန်းတိုက်မိ၍ တိုးဂိတ်ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါနံနက်ပိုင်းတွင် ယာဉ်အမှတ် 5E/----- အား ယာဉ်မောင်း မောင်မောင်နိုင် (၄၂ နှစ်)က စက်မှုဇုန်(၄)မှ အလုံသို့ပို့ဆောင်ရန် မောင်းနှင်လာစဉ် တစ်ထိပ်အနီး ၁၃ ပေမြင့်သော တိုးဂိတ်ခေါင်မိုးတန်းအား ၁၄ ပေခွဲမြင့်သည့် ကွန်တိန်နာယာဉ်ဖြင့် တိုက်မိသောကြောင့် တိုးဂိတ်ပြိုကျခဲ့ခြင်းဖြစ်သည်။

"တိုးဂိတ်အမြင့်က ၁၃ ပေခွင့်ပြုထားတယ်။ ၁၄ ပေခွဲမြင့်တဲ့ကွန်တိန်နာတွေ ဖြတ်လို့မရပါဘူး။ ကွန်တိန်နာယာဉ်တွေ ကုန်ပစ္စည်းပါသည်ဖြစ်စေ၊ မပါဘဲဖြစ်စေ သတ်မှတ်တန်ချိန်တဲ့နေရာကပဲ ဖြတ်သန်းရမှာပါ။ တိုးဂိတ်က တံတားဖြတ်သန်းခကင်းလွတ်ခွင့်ပြုထားတဲ့အတွက် ယာဉ်တွေအနေနဲ့ တံတားခံနိုင်ဝန်ကို ထိန်းနိုင်ဖို့ သတ်မှတ်နေရာကနေ မောင်းနှင်လိုက်နာဖို့လိုပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ AE ဒေါ် လင်းလင်းအုန်းက ပြောသည်။

ယာဉ်ဖြတ်သန်းသွားလာမှုများသော လမ်းမကြီးဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့တတ်သော လမ်းမလည်းဖြစ်သောကြောင့် ညောင်တုန်း-ရန်ကုန်ဖြတ်သန်းသော ယာဉ်များအား အမှတ်(၁)ရပ်ကွက်အတွင်းလမ်းမှ လည်းကောင်း၊ ရန်ကုန်-ညောင်တုန်း ဖြတ်သန်းသောယာဉ်များအား အမှတ်(၃)ရပ်ကွက်အတွင်း လမ်းမှလည်းကောင်း အောင်ဇေယျကြိုးတံတားအား ဖြတ်သန်းမောင်းနှင်သွားလာနိုင်ရန် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှဆောင်ရွက်လျက်ရှိရာ တိုးဂိတ်မှ ယာဉ်များဖြတ်သန်းသွားလာနိုင်ရန် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# သုဝဏ္ဏဝတီမြို့ နောင်ဘိုကျေးရွာ၌ ယာဉ်နှင့်ဆိုင်ကယ်တိုက် တစ်ဦးသေဆုံး

**သုဝဏ္ဏဝတီ ဇူလိုင် ၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး နောင်ဘိုကျေးရွာ ခရမ်းခြံပိုင်း ရန်ကုန်- မော်လမြိုင် ကားလမ်းပေါ်၌ ဇွန် ၃၀ ရက် ည ၁၁ နာရီခန့်က ယာဉ်နှင့်ဆိုင်ကယ်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူတစ်ဦး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

သတင်းအရ နယ်မြေခံရဲစခန်းမှ တာဝန်မှူး ရဲအုပ်ကိုကိုလတ်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၄၀/၅ နှင့် ၁၄၀/၆) ကြားတွင် ဘီးလင်းမြို့ဘက်မှ သထုံမြို့ဘက်သို့ ယာဉ်မောင်း ကျော်စွာမျိုး (ခ) အငယ်ကောင် (၂၉ နှစ်) ကုမ္ပဏီဝန်ထမ်း မြဝတီမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 4D/---- MARK X အမျိုးအစား(လိုင်စင်စိစစ်ဆဲ)ယာဉ်သည် ယာဘက် ခရမ်းခြံလမ်းမှ မောင်းတက်လာသော ယာဉ်မောင်း ဝင်းမြင့် (၄၆ နှစ်) ဘူတာ ပိုင်း နောင်ဘိုကျေးရွာ မောင်းနှင်သည့် ၁၃ယ/---- Wave 100 အမျိုးအစားဆိုင်ကယ်နှင့် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းမအလယ်၌ တိုက်မိကြသဖြင့် ဆိုင်ကယ်မောင်းသူ ဝင်းမြင့်သည် ပြင်းထန်စွာဒဏ်ရာရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေခံ သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခွန်(ဝင်းပ)**





## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (၁၀) မိုင်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၈/၅၅)၊ အလျား (၆၀ ပေ × အနံ ၈၀ ပေ)ခန့်ရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိသီးပင်စားပင်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့မိတ်ဆွေမှစရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြလိပ်စာပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးအောင်မြင့်ထွန်း (LL.B) — တရားလွှတ်တော်ရှေ့နေ
ဦးကျော်နိုင် (B.Sc.,H.G.P) — အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၂၈၂၄

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)နှင့်ဆက်သွယ်ပါ (ပြင်ဆရာမရှိ)
01-399136 ,09-73009994,09-253997740
09-5152521တိုက်(၉၄)၊မန္တလေးလမ်း၊
ပထပ်၊မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။

## အမည်ပြောင်း

အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မဒီနန္ဒာအောင်၏ဖခင် ဦးတင်မိုးအား ဦးမင်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။ ဦးမင်းသူ

## ပျောက်ဆုံး

ကျွန်တော် မောင်ကျော်စိုးနိုင် ၉/သစန(နိုင်)၁၂၈၀၉၇ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၅၃၉၂၅၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/1274 Suzuki Carry DA 63 T P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှစိန် ၁/မကတ(နိုင်)၀၈၃၈၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၈၉၈၇၀ STAR SKY-125 M/Cယာဉ်လက်ဝယ်ရှိသူ Lwin Moe Aung Trading Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၁)လမ်း၊ အမှတ် ၆၀၆/၆၀၇၊ ၂ခန်းတွဲ၊ ခြောက်ထပ်အဆောက်အအုံ၏ ပထမထပ်(ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (ပေ၂၀×ပေ၆၀)တိုက်ခန်းတစ်ခန်းနှင့်ယင်းတိုက်ခန်း၌ စွဲကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းရှိန် ၁၃/တကန(နိုင်)၁၂၈၁၂၁ က ပိုင်ရှင်ဖြစ်သူဦးတင်မောင်သီ ၈/ပဖန(နိုင်)၀၀၁၅၈၆သို့ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ညွှန်ကြားချက်အရ-

ဦးတင်လှိုင်ထွေး B.A(Law)LL.B — တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၃၆/၈၁) — ဖုန်း-၀၉-၅၄၀၀၃၈၃
ဒေါ်ငုဝါဝင်း LL.B — အထက်တန်းရှေ့နေ(စဉ်-၄၅၃၄၇) — ဖုန်း-၀၉-၄၂၀၀၁၀၆၆၈

အမှတ် ၁၀/၁၂၊ ပထပ်၊ အခန်းအမှတ် ၁၀၃ (I)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းလေးရှို့ ၁၃/ဖခန(နိုင်)၀၅၁၇၉၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၂၆၁၃၀၃၃၃၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၇၅၄ Mitsubishi Canter FE 668EV L/T (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်း ၉/ပသက(နိုင်)၀၆၇၁၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၈၈၂၃ C&N Motors ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးကိုသက်(ခ)ရှီသက် ၅/ရဘန(နိုင်)၁၃၀၈၆၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၅)၊ နဝမတန်း(က)မှ မောင်ရဲလင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးရှင်ကျော် ၁၃/တကန(နိုင်)၂၂၀၃၇၇ ဖြစ်ပါကြောင်း။ **ဦးရှင်ကျော်**

ခ ရီး သွား ဆောင်း ပါး

# မြိုင်ဟေဝန်ဆင်စခန်းဆီသို့ ....

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**ဗွန်လမိုးက ဆက်တိုက်စွေနေသည်။ သည်ရက်ပိုင်းဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေသဖြင့် မိုးကမပြတ်၊ တဖွဲဖွဲရွာလိုက်၊ သဲသဲမဲမဲရွာလိုက်၊ ရပ်သွားလိုက်နှင့် နေရောင်ပင်ကောင်းကောင်းမမြင်ရ၊ ယခုလည်းရေသွန်ချသလို ရွာနေသည့်မိုးကြောင့် ကားလမ်းပေါ်ရေတွေဖွေးနေသည်။ လေလည်းတိုက်၊ မိုးလည်းရွာနေသည်ဖြစ်ရာ ကားကိုဖြည်းဖြည်းမောင်းနေသော်လည်း ရှေးတူရှုကို သဲကွဲစွာ မမြင်ရသဖြင့် ကားကိုလမ်းဘေး၌ အသာရပ်လိုက်ရသည်။ မိုးတိတ်မှ ကားထွက်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။ မိုးကသည်းနေဆဲ၊ လေကတိုက်နေဆဲ။**

ရန်ကုန်-တိုက်ကြီးကားလမ်းအတိုင်း မောင်းနှင်လာသော ကျွန်တော်တို့ကားက လမ်းခုလတ်မှာပင် ရပ်တန့်ထားရသည်။ ရန်ကုန်မှအထွက် မိုးအုံ့နေသော်လည်း တိုက်ကြီးမရောက်ခင် သုံးမိုင်ခန့်၌ပင် မိုးရေလေပါကျလာခြင်း ဖြစ်သည်။ သည်တစ်ပတ် ပိတ်ရက်တွင် တိုက်ကြီးမြို့နယ်အတွင်းရှိ မြိုင်ဟေဝန်ဆင်စခန်းသို့ လာရောက်ခြင်းဖြစ်ရာ ရန်ကုန်နှင့် မိုင် ၆၀ ခန့်သာရှိသဖြင့် နေချင်းပြန်ခရီးစဉ်ဖြစ်ရာ အဆင်ပြေလေသည်။

ကျွန်တော်အရင်က ဖိုးကျားဆင်စခန်းသို့ သွားရောက်ခဲ့ဖူးသည်။ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တည်ရှိသော ဖိုးကျားဆင်စခန်းက နာမည်ကြီးသည်။ ထိန်းသိမ်းလေ့ကျင့်ပေးထားသည့် ဆင်များ၏ တတ်ကျွမ်းမှုက လာရောက်လေ့လာသူများအတွက် အံ့သြစရာ၊ စိတ်လှုပ်ရှားစရာကောင်းသည်။ အခုလည်းရန်ကုန်နှင့် မနီးမဝေးတွင် တည်ရှိသော မြိုင်ဟေဝန်ဆင်စခန်းသို့ လေ့လာရန် ကျွန်တော်တို့ရန်ကုန်မှ လာခဲ့ကြခြင်းဖြစ်သည်။

တကယ်တော့ မြန်မာနိုင်ငံသည် ဆင်များနှင့် မစိမ်း၊ မြန်မာရှေးဘုရင်များ လက်ထက်ကတည်းက ဆင်များကို စစ်ချီ၊ စစ်တက်၊ စစ်ရေးစစ်ရာတို့တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ မြန်မာ့စစ်မက်ရေးရာ တွင် သူရဲကောင်းများမှာ ဆင်အတတ်၊ မြင်းအတတ်များကို ကျွမ်းကျင်တတ်မြောက်ရသည်။ ရှေးခေတ်ဘုရင်များ၏ မြန်မာ့တပ်မတော်တွင် ဆင်တပ်၊ မြင်းတပ်များထားရှိခဲ့ရာ ဆင်များ၏ အခန်းကဏ္ဍက အရေးပါခဲ့သည်။ ခေတ်အဆက်ဆက်တွင် ဆင်များက အကျိုးပြုခဲ့သည်ချည်းဖြစ်သည်။

ယခုခေတ်တွင်လည်း မြန်မာ့ဆင်များက သစ်လုပ်ငန်းများတွင် အသုံးပြုနေရဆဲဖြစ်သော်လည်း သစ်တောများ ထိန်းသိမ်းရန်နှင့် သစ်ခုတ်၊ သစ်ထုတ်လုပ်မှုများ ကန့်သတ်ထားသဖြင့် ဆင်များလုပ်ငန်းခွင်မဝင်ရောက်ရချိန်၌ မြန်မာနိုင်ငံ တစ်ဝန်း ဆင်စခန်းများ ဖွင့်လှစ်ကာ ခရီးသွားလုပ်ငန်းအတွက် အကျိုးပြုနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆင်ကောင်ရေ ၄၀၀၀ မှ ၅၀၀၀အကြား ရှိမည်ဟု စာရင်းဇယားများတွင် ဖော်ပြထားရာ ကမ္ဘာပေါ်၌ ဆင်ကောင်ရေအများဆုံး ထိန်းသိမ်းထားနိုင်သည့် နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်လျက်ရှိသည်။ ဝိသမလောဘသမားများကြောင့် ဆင်များ သတ်ဖြတ်ခံရခြင်းများလည်း ရှိနေဆဲဖြစ်ရာ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည် ဖြစ်သည်။

အတွေးလွန်နေသဖြင့် မိုးရေ လေပါ ငြိမ်သက်သွားသည်ကို သတိမထားမိလိုက်၊ ကျွန်တော့်မိတ်ဆွေ ကိုသိန်းမြင့်၏ "ကဲ.. သွားကြမယ်" ဟု ဆိုလိုက်မှ သတိပြန်ဝင်လာသည်။ ကားကိုခပ်မှန်မှန်သာ မောင်းနှင်နေသဖြင့် ပတ်ဝန်းကျင်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့လေ့လာခွင့်ရသည်။ မိုးစိတ်ကြိုက်ရွာပြီး၍လားမသိ။ ပတ်ဝန်းကျင်တစ်ခွင်က လန်းဆန်းပွင့်လင်း လျက်ရှိနေသည်။ နေရောင်ဖြာကျလျက်ရှိရာ ရေချိုးပြီးစ လုံမငယ်တစ်ဦး အသွင်ကဲ့သို့ ပတ်ဝန်းကျင်မြင်မြင်သမျှမှာ လန်းလန်းဆန်းဆန်း ဖြစ်လျက်။

ရန်ကုန်- တိုက်ကြီး- ဥက္ကံ လမ်းပိုင်းကို ကျွန်တော်အကြိမ်ကြိမ်ဖြတ်သွား၊ ဖြတ်လာခဲ့ဖူးသည်။ ဟိုး...ယခင် နှစ်များက ဤလမ်းသည် မြန်မာနိုင်ငံအတွင်း အကောင်းဆုံး ကားလမ်းတစ်လမ်းအဖြစ် တည်ရှိခဲ့ဖူးသည်။ ထိုစဉ်က ဤလမ်းကို ကားဖြင့်ဖြတ်သန်းတိုင်း စိတ်ထဲကျေနပ်မှုအပြည့် ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ပြုပြင်ထိန်းသိမ်းမှု ပြုလုပ်လျက်ရှိသော်လည်း လမ်းအစိတ်အပိုင်းအချို့တွင် အဆင့်မြှင့်တင်ရန် လိုအပ်နေသည်ဟု စိတ်ထဲထင်မိသည်။

ကျွန်တော်တို့ ပလုန်ရွာသို့ ရောက်လာခဲ့ကြသည်။ ရန်ကုန်မှ တိုက်ကြီးမြို့နယ် ပလုန်ရွာသို့ အကွာအဝေးမိုင် ၆၀ ခန့် ရှိသည်ဖြစ်ရာ ကားဖြင့် နှစ်နာရီခန့် မောင်းနှင်ခဲ့ရသည်။ ပလုန်ရွာတွင် မနားတော့ဘဲ မြိုင်ဟေဝန်ဆင်စခန်းသို့ ဆက်လက်ထွက်ခွာခဲ့သည်။ တောလမ်းခရီးဖြစ်၍ ကားကို ဖြည်းဖြည်းချင်း မောင်းနှင်ခဲ့ရသည်။ ပတ်ဝန်းကျင်တစ်ခွင်၌ သစ်ပင်သစ်တော များကို ကျဲပါးစွာ မြင်တွေ့ရသော်လည်း ဥယျာဉ်ခြံစိုက်ပျိုးသူများလည်းရှိကြောင်း သိရသည်။ တိုက်ကြီးသံပရာက နာမည်ကြီးဖြစ်ရာ အခွံပါးပြီး အရည်ရွှမ်းသဖြင့် လူကြိုက်များလေသည်။ စိုက်ပျိုးသူများလည်း တွက်ခြေကိုက်ကြသည်။

အတန်ကြာလာခဲ့ကြပြီးနောက် "မြိုင်ဟေဝန်ဆင်စခန်းမှ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်နှင့် အဝင်ပေါက်ကို လှမ်းတွေ့ လိုက်ရသည်။ အဖြူရောင်ဖြင့် ရေးသားထားသော ကြိုဆိုရေး အဝင်ပေါက်ဆိုင်းဘုတ်စာလုံးက နီညိုရောင် အောက်ခံပေါ်တွင် ရေးသားထားသဖြင့် ထင်ရှားစွာမြင်တွေ့ရသည်။ သစ်သားမျှော်စင်ငယ်များကို အတန်းလိုက်၊ အနိမ့်အမြင့် ဒေါင်လိုက်စိုက်ထူထားသဖြင့် နီညိုရောင်ဆေးသုတ်ထားသော မျှော်တိုင်များပုံစံမှာ စိတ်ဝင်စားစရာ၊ တောဆန်ပြီးရိုးစင်းသော ဆွဲဆောင်မှုရှိနေသည်။ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထိုးထားသော ဆိုင်းဘုတ်စာတန်းကြောင့် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများအတွက်လည်း ရည်ညွှန်းထားကြောင်း ထင်သာမြင်သာ ဖြစ်နေသည်။

ကျွန်တော်တို့ မြိုင်ဟေဝန်ဆင်စခန်းအတွင်း ဝင်ရောက်ခဲ့ကြသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ဝန်းကျင်တစ်ခုအတွင်း ရောက်ရှိနေသကဲ့သို့ ဖြစ်နေသော်လည်း ခပ်လှမ်းလှမ်းမှ စကားပြောသံသဲ့သဲ့ကို ကြားရသည်။ မြေသားလမ်းအတိုင်း ဝင်ရောက်လာခဲ့ရာ မကြာမီ ဆင်များထားရှိရာ နေရာသို့ရောက်ရှိလာခဲ့ကြသည်။ ကျွန်တော်တို့ရောက်ချိန်တွင် ဆင်များရေချိုးရန် ပြင်ဆင်နေချိန်ဖြစ်ရာ အချိန်ကိုက်ဖြစ်သွားသည်။ ကျွန်တော်တို့ထက် ပိုစောပြီး ရောက်ရှိနေသူနှစ်ဦးမှာ နိုင်ငံခြားသားအမျိုးသားများဖြစ်၍ မေးမြန်းကြည့်ရာ ဂျာမနီ နိုင်ငံသားများဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သည့် သုံးရက်က မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး မြန်မာ့ဆင်များ၏ အလေ့အထနှင့် ထိန်းသိမ်းစောင့်ရှောက်နေမှုများကို စိတ်ဝင်စားသဖြင့် ရန်ကုန်မြို့နှင့်အနီးဆုံး မြိုင်ဟေဝန်ဆင်စခန်းသို့ လာရောက်ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

မြိုင်ဟေဝန်ဆင်စခန်းမှာ ရန်ကုန်မြို့အနီးတွင် တည်ရှိပြီး အချိန်တိုအတွင်း လာရောက်နိုင်သည့်အနေအထား၌ တည်ရှိသည်။ ၁၉၈၆ ခုနှစ်၌ စတင်တည်ထောင်ခဲ့သော မြိုင်ဟေဝန် ဆင်စခန်းမှာ ယခင်က ဆင်များပြုစုစောင့်ရှောက်ရေးအတွက် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် ခရီးစဉ်နေရာတစ်ခုအဖြစ် ပြောင်းလဲခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်း ဆင်စခန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အကျယ်အဝန်း ၁၀ ဧကခန့်ရှိသော မြိုင်ဟေဝန် ဆင်စခန်းက ပဲခူးရိုးမကို မေးတင်လျက်ရှိရာ ဆင်များနေထိုင်ကျက်စားရန်နှင့် လာရောက်လေ့လာသူများအတွက်ပါ အဆင်ပြေလေသည်။

ဆင်များရေချိုးရာသို့ ကျွန်တော်တို့ လိုက်ပါကြည့်ခဲ့ကြသည်။ ဆင်များကို ကိုယ်တိုင်ရေချိုးပေး၍ရသော်လည်း ဆင်များနှင့် နီးနီးကပ်ကပ် နေထိုင်ရန် စိတ်ကမဝံ့မရဲ ဖြစ်နေရာ ခပ်လှမ်းလှမ်းမှ ရပ်ပြီး လေ့လာနေမိသည်။ ဂျာမနီနိုင်ငံသား နှစ်ဦးက ဆင်များကို သူတို့ကိုယ်တိုင်ရေချိုးပေးလျက်ရှိကာ ပျော်ရွှင်နေကြသည်။ ဆင်များက စမ်းချောင်းအတွင်း ရေချိုးနေရ၍လား မသိ၊ စိတ်လက်ပျော်ရွှင်နေပုံရသည်။ ကိုယ်လုံးများ ဟိုဘက်၊ သည်ဘက်လှည့်လိုက်၊ နှာမောင်းဖြင့် ရေများ မှုတ်ထုတ် လိုက်နှင့် စိတ်တိုင်းကျ ပြုမူလျက်ရှိနေသည်ကို တွေ့ရသည်။

အတန်ကြာမျှ ဆင်များကို ရေချိုးပေးပြီးနောက် ပြန်တက်လာခဲ့ကြသည်။ ဆင်များကို သတ်မှတ်နေရာသို့ ပြန်ခေါ်လာကြပြီးနောက် ခေတ္တမျှအကြာတွင် ဆင်များအား လေ့ကျင့်သင်ကြားပေးထားသည်များကို ဆင်အဖွဲ့လိုက် ပြသကြသည်။ မြေပြင်ပေါ် တန်းတင်ထားသော သစ်လုံးပေါ်တွင် ဆင်များ လမ်းလျှောက်ပြခြင်း၊ သစ်ပင်ငုတ်တိုများပေါ်၌ လမ်းလျှောက်ကြခြင်း၊ ဆင်ငါးကောင်တန်းစီရပ်ကာ ပုံသဏ္ဍာန်မျိုးစုံ သရုပ်ပြခြင်းစသည်တို့ကို ဆင်ဦးစီးများက သွန်သင်ထိန်းသိမ်းမှုများ ပြသသွားသည်မှာ အမှားအယွင်း အထစ်အငေါ့မရှိချေ။

ထို့နောက် အစားအစာများကို ဆင်များအား ကျွေးမွေးပြီးနောက် ဆင်များစီးကာ တောတွင်း၌ လှည့်လည်ကြည့်ရှုကြသည်။ ဆင်စီးခြင်းကို ငယ်စဉ်က ရန်ကုန်တိရစ္ဆာန်ရုံတွင် တစ်ကြိမ်၊ ဖိုးကျားဆင်စခန်းတွင် တစ်ကြိမ်စီးခဲ့ဖူးရာ ယခုအကြိမ်သည် တတိယအကြိမ်မြောက် ကျွန်တော်ဆင်စီးခြင်း ဖြစ်သည်။ ဆင်ပေါ်သို့ တက်ပြီးနောက် တောတွင်းခရီးစဉ် စတင်လေသည်။ တောတောင်အတွင်း သွားရသော်လည်း လမ်းသဖွယ်မြင် တွေ့နေရသလိုမော့ကြည့်ရာ ဆင်ဦးစီးက ဆင်များသွားသဖြင့် လမ်းဖြစ်နေခြင်းဖြစ်ပြီး ဒေသခံအချို့လည်း အသုံးပြုကြကြောင်း သိရသည်။ ဒါ့ကြောင့် မြန်မာစကားပုံရှိသည် မဟုတ်လား "ဆင်သွားလျှင် လမ်းဖြစ်သည်" ဟု။

ဆင်စီးရင်း ပဲခူးရိုးမကို လှမ်းကြည့်မိသည်။ ပဲခူးရိုးမသည် စိမ်းစိမ်းညို့ညို့ အုပ်အုပ်ဆိုင်းဆိုင်း မရှိတော့၊ ဝါးတောတွေလည်း ပြုန်းခဲ့ပြီ၊ သစ်ပင်သစ်တောများလည်း ကျဲပါးသွားခဲ့ပြီ။ ဒါကြောင့်လည်း မြန်မာ့သစ်လုပ်ငန်းက သစ်တော၊ သစ်ပင်ခုတ်လှဲခြင်းများကို ထိန်းသိမ်းမှုပြုလုပ်နေခြင်းဖြစ်မည်။ မထိန်းသိမ်းပါက တောင်များကတုံးဖြစ်တော့မည်။ တွေးရင်း စိတ်မော လူမောဖြစ်မိသည်ကအမှန်။

ဆင်စီးရင်းကျေးငှက်များကို သစ်ပင်အချို့ပေါ်တွင် လှမ်းမြင်ရသည်။ အမျိုးအစားမခွဲခြားတတ်၊ ချုံနွယ်များအပေါ် လိပ်ပြာအကြီးစားအချို့ ပျံဝဲနေကြသည်။ ရောင်စုံလိပ်ပြာကြီးများတွေ့၍ မေးကြည့်ရာ ဆင်ဦးစီးက "တောလိပ်ပြာတွေ" ဟု အလွယ်ဖြေလေသည်။ သစ်ပင်မြင့်မြင့်များပေါ်တွင် မျောက်အချို့နှင့် တောကြောင်တစ်ကောင်ကို တွေ့မြင်ရသည်။ တောကြောင်က လူရိပ်မြင်သည်နှင့် လှစ်ခနဲပျောက်ကွယ်သွားလေသည်။

ကျွန်တော်ဆင်စီးရင်း ရှေးဘုရင်များ ဆင်စီး၍ တိုင်းခန်းလှည့်လည်ကြသည်ကို အတွေးရောက်သွားသဖြင့် ပြုံးမိသည်။ မိမိက ဆင်စီးပြီး တောထဲလှည့်လည်လေ့လာနေခြင်းဖြစ်သည်။ ဆင်စီးရင်း ငှက်ကြည့်လိုသူများ၊ ဇီဝမျိုးစုံလေ့လာလိုသူများအတွက် အဆင်ပြေပြီး အကျိုးရှိသည့်နေရာလည်း ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် တောတောင်ရေမြေများ၊ ဇီဝမျိုးစုံများကို တိုက်ရိုက် ထိတွေ့စီးမျောခံစားခွင့်ရရှိသည်ဖြစ်ရာ ရာနှုန်းပြည့် စိတ်နှလုံးမွေ့လျော်ဖွယ်အတိပင်။


ကျွန်တော်တို့ မြိုင်ဟေဝန်ဆင်စခန်း မူလနေရာသို့ ပြန်လာခဲ့ကြသည်။ ဆင်စခန်းသို့ လာရောက်လေ့လာသူများ တည်းခိုရန် ဝါးထရံကာ တဲအိမ်လေးများလည်း တည်ဆောက်ပေးထားသဖြင့် အနားယူအပန်းဖြေနိုင်သည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို တိုက်ရိုက်ရင်ထဲအထိ ရောက်ရှိခံစားစေနိုင်သော မြိုင်ဟေဝန်ဆင်စခန်းက စိတ်အပြောင်းအလဲ ဖြစ်စေသည်က အမှန်ပင်။


အတန်ကြာနေထိုင်ပြီးနောက် မြိုင်ဟေဝန်ဆင်စခန်းမှ ကျွန်တော်တို့ပြန်လာခဲ့ကြသည်။ အပြန်လမ်းတစ်လျှောက် မိုးကသဲကြီးမဲကြီး ရွာနေပြန်သည်။ ဗွန်လမိုးက မြိုင်မြိုင်ရွာနေဆဲပါလေ ။ ။





ဆင်ဦးစီးများက ဆင်များကို ပုံသဏ္ဍာန်မျိုးစုံဖြင့် သရုပ်ပြလေ့ကျင့်သင်ကြားပေးနေစဉ်


**ဆင်စခန်းသို့လာရောက်လေ့လာသူများ တည်းခိုရန် ဝါးထရံကာ တဲအိမ်လေးများလည်း တည်ဆောက်ပေးထားသဖြင့် အနားယူအပန်းဖြေနိုင်သည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကို တိုက်ရိုက်ရင်ထဲအထိ ရောက်ရှိခံစားစေနိုင်သော မြိုင်ဟေဝန်ဆင်စခန်းက စိတ်အပြောင်းအလဲ ဖြစ်စေသည်က အမှန်ပင်**


HTOO













# မြန်မာသဒ္ဒါသင်ကြားရေး (၁၁)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ ဆရာကြီးဦးဖေမောင်တင်ရဲ့ သဒ္ဒါတွေအကြောင်းပြောပြီးပြီဆိုတော့ အခုကျောင်းတွေမှာသင်နေတဲ့ မြန်မာသဒ္ဒါတွေအကြောင်း ပြောကြဖို့ အချိန်ရောက်ပြီထင်တယ်"

"ဩော်...ဆရာ၊ ဒီအကြောင်းတွေ စပြောကြတုန်းက ကျွန်မပြောခဲ့တဲ့စကားကလေး ပြန်ကောက်ပါရစေ ဆရာ"

"ဘာပါလိမ့်။ ဩော်...အခုပြဋ္ဌာန်းထားတဲ့ သဒ္ဒါတွေက ကျောင်းသားတွေအတွက် ခက်နေသလိုပဲလို့ ညည်းပြောတာ မှတ်မိပါတယ်"

"ဟုတ်ပါတယ်ဆရာ"

"ဘယ်လိုခက်တာလဲဆိုတာ ပြောပြပါဦး"

"ဝါစင်္ဂအခန်းမတိုင်ခင် အက္ခရာတွေ၊ ဌာန်၊ ကရိုဏ်း ပယတ်တွေ၊ ပါဌ်ဆင့်တွေအကြောင်းက ကလေးတွေအတွက် တော်တော်ခက် တယ်ထင်ပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ဒီသဒ္ဒါတွေက မင်းတို့သိတဲ့အတိုင်း မြန်မာစာအဖွဲ့က နိုင်ငံတော်အစိုးရရဲ့တာဝန်ပေးချက်အရ ပြုစုထားတာပါ။ အခြေခံကတော့ ဝါစင်္ဂကိုးပါးကို အခြေခံတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ကျောင်းသုံးသဒ္ဒါဖြစ်တဲ့အတွက် ပဉ္စမတန်းက ဒသမတန်းအထိ စာအုပ်ခြောက်အုပ်ခွဲထားတယ်လေ။ ထူးခြားတာက အဲဒီစာအုပ်ခြောက်အုပ်မှာ ဝါစင်္ဂကိုးပါးကို တဖြည်းဖြည်းချဲ့သွားတဲ့ ပုံစံမျိုးနဲ့ပြုစုထားတာပဲ။ စက်ဝန်းကို တဖြည်းဖြည်းချဲ့သလိုပေ့ါ။ ဆယ်တန်းသဒ္ဒါကျတော့ အားလုံးကိုပြန်ချုပ်ထားတာပဲ"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ ငါးတန်းသဒ္ဒါကစပြီး အတန်းတိုင်းရဲ့သဒ္ဒါမှာ ဝါစင်္ဂကိုးပါးအကြောင်း သင်ရတာချည်းပဲ။ ဝါစင်္ဂတစ်ခုစီနဲ့ ပတ်သက်ပြီး တစ်တန်းပြီးတစ်တန်း ပိုပိုသိလာအောင် ချဲ့ချဲ့သင်ဖို့ပေ့ါ"

"ဟုတ်ပါတယ် ဆရာ။ ဆယ်တန်းသဒ္ဒါမှာ အားလုံးပြန်ပြီး သိကောင်းစရာတွေ၊ စာအုပ်မှာတော့ သိမှတ်ဖွယ်ရာပေ့ါ။ အဲ့ဒီသိမှတ်ဖွယ်တွေကို ချုပ်ပြီး ဖော်ပြထားတာပါပဲ"

"ဒီတော့ သဒ္ဒါစာအုပ်တိုင်းမှာ အသံတွေ အက္ခရာတွေ အကြောင်းရယ်၊ ဝါစင်္ဂတွေအကြောင်းရယ်၊ ဝါကျတွေ အကြောင်းရယ်ဆိုပြီး အပိုင်းသုံးပိုင်းပါတာကို သတိထားမိရဲ့လား"

"သတိထားမိပါတယ် ဆရာ"

" အဲဒီပုံစံက ဆရာတို့ပြောခဲ့ကြတဲ့ ကိုလိုနီခေတ်ဦးပိုင်းမှာပေါ်တဲ့ သဒ္ဒါကျမ်းတွေရဲ့ပုံစံမျိုးပဲကွဲ့"

"ဩော်..."

" ဦးသာထိုရဲ့ မြန်မာသဒ္ဒါဆိုပါတော့။ အဲဒီမှာ အပိုင်းသုံးပိုင်းပါတယ်။ ပါဠိနာမည်တွေပေးထားတဲ့ အပိုင်းတွေပဲ။ အက္ခရပ္ပဗေဒရယ်၊ ပဒဝိဝေစနရယ်၊ ကာရကကပ္ပရယ်၊ အဲဒီ အပိုင်းသုံးပိုင်းပဲ"

" အဓိပ္ပာယ်က ဘယ်လိုပါလဲဆရာ"

"အက္ခရပ္ပဗေဒပိုင်းဆိုတာက အက္ခရာတွေရဲ့အကြောင်းပေ့ါ။ ပဒဝိဝေစနပိုင်းဆိုတာက ပုဒ်တွေအကြောင်း၊ အဲဒီမှာ ဝါစင်္ဂရှစ်ပါးအကြောင်းပြောတယ်၊ ကာရကကပ္ပပိုင်းကတော့ ဝါကျတွေအကြောင်းပေ့ါ"

" ဒီလိုဆိုတော့ အခုသင်နေတဲ့ မြန်မာသဒ္ဒါတွေမှာလည်း အဲဒီပုံစံအတိုင်းခွဲထားတာပေ့ါနော်"

" ဆရာထင်ပါတယ်။ မြန်မာစာအဖွဲ့က မြန်မာသဒ္ဒါကို ပြုစုတဲ့ပညာရှင်ဆရာကြီး၊ ဆရာမကြီးအများစုက စာပေကျမ်းဂန်နဲ့နှံ့စပ်တဲ့အပြင် ငယ်ငယ်တုန်းက ဝါစင်္ဂရှစ်ပါးသဒ္ဒါကို နှစ်တော်တော်ကြာကြာ အတန်းစဉ်အတိုင်း သင်လာခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေလေ။ ဒီတော့ မြန်မာသဒ္ဒါပြုစုတဲ့အခါ အဲဒီဆရာကြီး၊ ဆရာမကြီးတွေရဲ့စိတ်ထဲမှာ တော်တော်ထဲထဲဝင်ဝင်ဖြစ်နေတဲ့ ဝါစင်္ဂရှစ်ပါးသဒ္ဒါတွေရဲ့ အစီအစဉ်အတိုင်း ပြုစုဖို့စိတ်ကူးပေါ်လာစရာရှိတာပေ့ါကွယ်"

" ဟုတ်ကဲ့။ မှတ်ထားပါ့မယ်ဆရာ"

" အဲဒီတော့ သဒ္ဒါစာအုပ်တစ်အုပ်ချင်းကို မှုတည်ပြောတာထက် အဲဒီအပိုင်းသုံးပိုင်းကို မှုတည်ပြောရင် ပိုပြီးရှင်းမယ်ထင်တယ်"

" ဟုတ်ကဲ့ပါ။ ကောင်းပါတယ်ဆရာ"

" ဒါဆိုရင်ပထမအပိုင်းဖြစ်တဲ့ အသံပိုင်း အက္ခရာပိုင်းက စကြရအောင်။ အချုပ်သဘောပြောရရင် အက္ခရာ၊ ဝဂ်၊ သရ သံပြောင်းပြ သင်္ကေတ၊ ဗျည်း၊ ဗျည်းများတွဲစပ်ပုံ၊ အသတ်များဆိုတဲ့ ခေါင်းစဉ်တွေကို ငါးတန်း၊ ကိုးတန်းအထိပြောပြီး ဆယ်တန်းသဒ္ဒါမှာ မြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်များကို ခေါင်းစဉ်တပ်ပြီးတော့ မြန်မာအက္ခရာ၊ ဌာန်ကရိုဏ်းပယတ်၊ ပါဌ်ဆင့်ရေးနည်း၊ ဖတ်နည်းဆိုပြီး သုံးပိုင်းခွဲပြထားတယ်။ အဲဒါ သဒ္ဒါစာအုပ်အားလုံးရဲ့ပထမပိုင်းတွေကို အချုပ်ပြောပြတာပါ"

" ဟုတ်ကဲ့။ ဒါဆိုရင် မြန်မာအက္ခရာနဲ့ မြန်မာစကား အသံတွေအကြောင်း အခြေခံတွေ အားလုံးပေ့ါနော်ဆရာ"

" ဟုတ်ပါတယ်။ မြန်မာဘာသာစကားရဲ့အသံတွေ၊ အက္ခရာတွေအကြောင်း၊ ပညာရှင်အစဉ်အဆက် ရေးသားပြုစုခဲ့တဲ့ အချက်အလက်တွေအကုန်လုံးလောက်ကို ပါနေတာပဲ။ သိစရာ မှတ်စရာတွေပေ့ါကွယ်"

" ဟုတ်ပါတယ်ဆရာ။ ကျွန်တော်တို့လည်း မှတ်သားစရာတွေအများကြီးရပါတယ်"

" မှတ်သားစရာအသံအကြောင်း၊ အက္ခရာအကြောင်းတွေမို့ ဗဟုသုတတိုးပွားစရာတွေပဲပေ့ါ။ အဲ... ဒါပေမယ့်..."

" ဘာဖြစ်လို့ပါလဲဆရာ"

" ဆရာပြောချင်တဲ့ 'ဒါပေမယ့်' က အဲဒီမြန်မာစာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်တွေဟာ ငါးတန်းက ဆယ်တန်းအထိ အခြေခံပညာတန်းကျောင်းသားကလေးတွေကို သင်ဖို့ လိုက်ဖက်ဆီလျော်ရဲ့လားဆိုတာ စဉ်းစားဖို့ပါပဲ"

" ဟုတ်ပါတယ်ဆရာ။ ကလေးတွေမပြောပါနဲ့။ ကျွန်မတို့ ဆရာ ဆရာမတွေကော အလွယ်တကူဖတ်ရုံနဲ့ နားမလည်နိုင်တဲ့ အပိုင်းတွေပါ။ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ ဃောသ၊ အဃောသတို့ သိထိလ၊ ဓနိတတို့ဆိုတာတွေကို နားလည်အောင်တော်တော် လေ့လာရတာပါဆရာ"

" တကယ်တော့ အဲဒီအပိုင်းတွေဟာ ပါဠိသဒ္ဒါမှာ ပါဠိဘာသာစကားကို စိစစ်တဲ့အခါသုံးတဲ့ ဝေါဟာရတွေ၊ နည်းတွေပဲ။ မြန်မာစကားကိုလည်း အဲဒီဝေါဟာရတွေနဲ့ခွဲခြမ်းစိတ်ဖြာတာ ရှေးခေတ်က သဒ္ဒါကျမ်းတွေ၊ ဝေါဟာရအဖွင့်ကျမ်းတွေမှာပြတဲ့ သဘောတွေပါ"

" ဟုတ်ကဲ့။ အဲဒါတွေကို ငါးတန်း၊ ဆယ်တန်းကျောင်းသားကလေးတွေကို သင်ရတော့ သူတို့ရဲ့အသက်အရွယ်၊ ဉာဏ်ရည်အဆင့်အတန်းနဲ့ဆိုရင် ခက်နေမှာပေ့ါဆရာ"

" တက္ကသိုလ်ရောက်မှ မြန်မာစာအထူးပြုယူတဲ့ကျောင်းသားတွေသင်ရတဲ့ သင်တန်းစာတွေပါ။ ပြီးတော့ အက္ခရာပြောင်းလဲပုံဆိုပြီး က၊ခ စတဲ့ အက္ခရာတွေ ပုဂံခေတ်၊ အင်းဝခေတ်ကအုတ်ခွက်စာတို့၊ ကျောက်စာတို့မှာ ရေးပုံ၊ ကုန်းဘောင်ခေတ်က ကျောက်စာတွေ၊ ပေ၊ ပုရပိုက်စာတွေမှာရေးပုံ၊ ခုခေတ်ပုံနှိပ်စာတွေမှာရေးပုံဆိုပြီး အက္ခရာပုံတွေကို မူလပုံစံအတိုင်း ဇယားတွေနဲ့ပြထားတာဟာ ခမ်းခမ်းနားနားရှိပါတယ်။ မြန်မာအက္ခရာတွေကို သုတေသနပြုခဲ့ကြတဲ့ ဆရာကြီးဦးမြတို့၊ ဆရာကြီးဦးသာမြတ်တို့ရဲ့သုတေသနစာတမ်းတွေမှာပြထားတဲ့ ပုံမျိုးတွေပါပဲ။ ပညာရပ်အနေနဲ့ အင်မတန်အဆင့်မြင့်တဲ့ အဲဒီလေ့လာပုံမျိုးတွေကို အသက် ၁၆ နှစ်မပြည့်သေးတဲ့ အခြေခံပညာကျောင်းသားကလေးတွေကိုသင်ဖို့ ပြဋ္ဌာန်းထားတာဟာ သိပ်ကိုမြင့်လွန်းနေပါတယ်ကွယ်"

"ဆရာ၊ ပါဌ်ဆင့်ရေးနည်း၊ ဖတ်နည်းဆိုတာလည်း ကလေးတွေအတွက်..."

"ဟုတ်ပါတယ်။ မြန်မာစာကို တော်တော် ကျွမ်းကျင်တဲ့ အဆင့်ကျမှ ဘယ်စာလုံးနဲ့ ဘယ်စာလုံးဆင့်ရတယ်။ ဖတ်ရင် ဘယ်လို ဖတ်ရတယ်ဆိုတာ နားလည်သဘောပေါက်တာလေ။ ကဲ... မင်းတို့ကို မေးရဦးမယ်။ အဲဒီအပိုင်းတွေကို သင်တော့ ကလေးတွေ နားလည်ကြတယ်လို့ထင်သလား"

"ပြည့်ပြည့်ဝဝနားမလည်နိုင်ပါဘူး ဆရာ။ လူကြီးတွေ အတွက်တောင် တော်တော်ခက်တာပါ"

"နားလည်သဘောပေါက်တာထက် အလွတ်ကျက်ပြီး ကျက်ထားတဲ့အတိုင်း ပြန်ဖြေတာက ပိုများပါလိမ့်မယ်ဆရာ"

"စာမေးပွဲမေးခွန်းအနေနဲ့မေးတော့လည်း ကျက်ပြီး ပြန်ဖြေရတဲ့မေးခွန်းမျိုးတွေကို အဲဒီအပိုင်းက မေးလေ့ရှိတာဆိုတော့ နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ အလွတ်ကျက်ပြီး ဖြေလိုက်ရင် အမှတ်ရတာမျိုးဖြစ်နေတာပေ့ါ ဆရာ"

"နောက်ပြီးတော့ အဲဒီအပိုင်းဟာ ဆရာကြီး ဦးဖေမောင်တင်တို့ ကျောင်းသားဘဝက သင်ရတဲ့သဒ္ဒါတွေလောက် ပါဠိဝေါဟာရတွေ မများပေမယ့် ဒီနေ့ခေတ် ကျောင်းသားတွေ အတွက်ဆိုရင် ခက်ခဲတဲ့ ဝေါဟာရတွေ ပါနေသေးတယ်။ ပထမပိုင်းတွေပဲ ကွက်ပြောရရင် ခြောက်တန်း ကျောင်းသားက ဝဂ်တို့၊ အဝဂ်တို့၊ ဝဂ္ဂန္တဗျည်းတို့ဆိုတာတွေ ကျက်နေရပြီ။ ခုနစ်တန်းကျောင်းသားက ရဿသရတို့၊ ဒီဃသရတို့၊ ရှစ်တန်းကျောင်းသားက ဃောသ၊ အဃောသ၊ သိထိလ၊ ဓနိတဆိုတဲ့ ဝေါဟာရတွေ၊ ဆယ်တန်းရောက်တော့ ဌာန်ကရိုဏ်းပယတ်ဆိုတဲ့ ဝေါဟာရတွေပါလာပြီ။ အဲဒီ ဝေါဟာရတွေကို ခုခေတ်အခြေအနေအရ တချို့ဆိုရင် စာတောင်ဖြောင့်အောင် မဖတ်တတ်တဲ့ အခြေအနေမျိုးမှာ နားလည်သဘောပေါက်ဖို့ဆိုတာ စဉ်းစားသာကြည့်ကြပေ့ါကွယ်"

"အဲဒီအပိုင်းကို ခပ်ဖော့ဖော့ပဲသင်တာမျိုးတော့ ရှိပါတယ် ဆရာ"

"အိုကွယ်။ သေသေချာချာလေးလေးနက်နက် သင်တာတောင်မှ သဘောပေါက်ဖို့ မလွယ်တာ ခပ်ဖော့ဖော့သင်ရင် ဘယ်နားလည်တော့မှာလဲ။ နားမလည်ဘဲ အလွတ်ကျက်ဖို့ အားပေးသလိုဖြစ်နေမှာပေ့ါ။ သဒ္ဒါသင်ရတဲ့ကလေးက သဒ္ဒါဆိုတာ ဘာလဲဆိုတာတောင် မသိသေးတဲ့အခြေအနေမှာ အဲဒီလို ခက်ခက်ခဲခဲ မှတ်ရသားရတာတွေနဲ့ ကြုံရတော့ သဒ္ဒါကို ကြောက်သွားမှာပါ...၊ အဲဒီလိုဆိုရင် သင်ရကျိုးနပ်ပါ့မလားလို့ တွေးမိတာပါကွယ်။ ကဲ... နားကြရအောင်။

> "ကျောင်းသုံးသဒ္ဒါဖြစ်တဲ့အတွက် ပဉ္စမတန်းက ဒသမတန်း အထိ စာအုပ်ခြောက်အုပ်ခွဲထားတယ်လေ။ ထူးခြားတာက အဲဒီစာအုပ်ခြောက်အုပ်မှာ ဝါစင်္ဂကိုးပါးကို တဖြည်းဖြည်းချဲ့သွားတဲ့ ပုံစံမျိုးနဲ့ပြုစုထားတာပဲ။ စက်ဝန်းကို တဖြည်းဖြည်းချဲ့သလိုပေ့ါ။ ဆယ်တန်းသဒ္ဒါကျတော့ အားလုံးကိုပြန်ချုပ်ထားတာပဲ"

# ကလေးတို့အတွက် ဘေးကင်းတဲ့နေအိမ်လေးဖြစ်ဖို့

**ကလျာမိုးမြင့်**

ကလေးငယ်တွေဆော့ကစားတတ်တဲ့အရွယ်ရောက်လာတဲ့အခါမှာ ခြစ်တာ ရှတာပွန်းပဲ့တာ၊ ထိခိုက်အနာတရဖြစ်တာမျိုးဟာ မကြာခဏကြုံတွေ့ရလေ့ရှိတဲ့အရာတွေဖြစ်ပါတယ်။ရေနွေးပူလောင်တာမျိုး၊ဆီပူလောင်တာမျိုး၊မီးဖိုထဲက ချွန်ထက်တဲ့အရာတွေကိုဆော့ကစားရာက ထိုးမိခိုက်မိတာမျိုးတွေအထိတောင်ဖြစ်တတ်တာကို မြင်တွေ့ကြားဖူးကြမှာပါ။ ဘယ်လိုအကြောင်းကြောင့်ဖြစ်စေ ဒီကိစ္စတွေမှာကလေးငယ်ရဲ့မိဘတွေဟာ တာဝန်အရှိဆုံးသောသူတွေဖြစ်ကြပါတယ်။

ကလေးအရွယ်ဟာ စူးစမ်းလိုစိတ်ရှိပြီး မြင်မြင်သမျှအရာတွေကို စိတ်ဝင်စားတတ်တဲ့အရွယ်ဖြစ်တာကြောင့် လက်လှမ်းမီရာကို ကိုင်တွယ်တတ်၊ ဆော့ကစားတတ်ပါတယ်။ ဒီတော့ကလေးတွေရဲ့အနီးအနားမှာ အန္တရာယ်ဖြစ်စေမယ့်ပစ္စည်းတွေရှိမနေဖို့ဟာ မိဘတွေရဲ့တာဝန်ဖြစ်လာပါတယ်။ မိဘတွေအနေနဲ့ မိမိရင်သွေးကို နေအိမ်ဝန်းကျင်နဲ့ နေအိမ်အပြင်ဘက်တွေမှာ ချွန်ထက်ပြီး ထိခိုက်အနာတရဖြစ်စေမယ့် ပစ္စည်းတွေရဲ့အန္တရာယ်ကနေ ကာကွယ်ထားနိုင်ပါတယ်။ ကလေးငယ်ကိုကာကွယ်ဖို့ အောက်မှာဖော်ပြထားတဲ့အချက်တွေကို ပြုလုပ်ထားနိုင်ပါတယ်။

၁။ ဓား၊ ကတ်ကြေး၊ ခက်ရင်းနဲ့တခြားချွန်ထက်တဲ့အိမ်သုံးပစ္စည်းတွေကို အံဆွဲတစ်ခုထဲမှာထည့်ပြီးသိမ်းဆည်းပါ။သော့ခတ်လို့ရတဲ့အံဆွဲမျိုး၊ ချက်ချလို့ရတဲ့အံဆွဲမျိုးဆိုရင်ပိုပြီးတော့ စိတ်ချရမှာဖြစ်ပါတယ်။

၂။ ဖန်နဲ့ပြုလုပ်ထားတဲ့ပစ္စည်းတွေဖြစ်တဲ့ ဖန်ခွက်၊ ဖန်ရေကရားစတာတွေကို ကလေးတွေလက်လှမ်းမမီနိုင်တဲ့ ဗီရိုရဲ့အမြင့်ဆုံးအထပ်မှာသိမ်းဆည်းပါ။

၃။ ကြည့်မှန်တွေကိုနံရံပေါ်မှာ အသေအချာကပ်နေအောင် တပ်ဆင်ပြုလုပ်ထားပါ။

၄။ စက္ကူဖြတ်စက်လိုအရာမျိုးတွေကို ကလေးတွေလက်ထဲမရောက်ရှိပါစေနဲ့။ ခပ်ဝေးဝေးမှာသိမ်းဆည်းပါ။

၅။ အသွားထက်တဲ့ သစ်သီးဖျော်စက် (သို့) အမှုန့်ကြိတ်စက်တွေကို ကလေးငယ်တွေ မကိုင်နိုင်အောင်အမြင့်တစ်နေရာ သို့မဟုတ် ဗီရိုထဲမှာ သော့ခတ်ပြီး သိမ်းပါ။

၆။ ဖြစ်နိုင်ရင် မီးဖိုချောင်သုံးအမှိုက်ပုံးကို ကလေးအလွယ်တကူမမြင်နိုင်တဲ့နေရာမျိုး၊ ဗီရိုရဲ့အနောက်သို့မဟုတ် တံခါးထောင့်လိုနေရာမျိုးမှာ လုံလုံခြုံခြုံအဖုံးပိတ်ပြီးထားနိုင်ရင် ပိုပြီးသင့်လျော်ပါတယ်။

၇။ မုတ်ဆိတ်ရိတ်တဲ့အခါသုံးတဲ့ဘလိတ်ဓား၊သင်တုန်းဓားနဲ့ လက်သည်းညှပ်တွေကိုလည်း ဗီရိုအံဆွဲလိုနေရာမျိုးမှာပဲ သေချာသော့ခတ်ပြီး သိမ်းဆည်းသင့်ပါတယ်။

၈။ ဥယျာဉ်စိုက်ပျိုးရာမှာသုံးတဲ့ တူရွင်း၊ ပေါက်တူးစတာတွေ၊ စက်ပြင်ရာမှာ သုံးတဲ့ပစ္စည်းတွေကို စတိုခန်းတစ်ခုထဲမှာ တစ်စုတစ်စည်းထားပြီး သော့ခတ်သိမ်းဖို့လိုအပ်ပါတယ်။ ကလေးတွေကို အဲဒီပစ္စည်းတွေနားလုံးဝမလာအောင်ဂရုစိုက်ပါ။



၉။ ကလေးငယ်တွေ ဆော့ကစားနေတဲ့ပစ္စည်းတွေမှာ အန္တရာယ်ဖြစ်စေနိုင်တာ ဘာရှိလဲစစ်ဆေးပါ။ ခဲတံနဲ့ဘောပင်လို ချွန်ထက်တဲ့အရာတွေကို ပေးမကိုင်ပါနဲ့။ သံချေးတက်နေတဲ့ပစ္စည်းတွေနဲ့ထိခိုက်စေမယ့်အရာတွေကို ဖယ်ရှားပါ။ ဒီလိုလိုက်နာဆောင်ရွက်မှုက ကလေးငယ်ကို နေအိမ်အတွင်း ဘေးကင်းစေနိုင်မှာဖြစ်ပါတယ်။

**(Health News for Children)**

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများ ဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ရက် ၁၂၀ မစောင့်ဆိုင်းဘဲ ထိုင်းနိုင်ငံက ပြန်ခဲ့တယ်

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ- ထူးချစ်၊ ကိုကိုအောင်**

တစ်ဖက်ကမ်းသို့ လှမ်းကြည့်ရင်း ကိုအောင်ကျော်သူ သက်ပြင်းကိုချသည်။ မျက်တောင်တစ်ဆုံးပင်မရှိသည့် နီးကပ်လှသော တစ်ဖက်ကမ်းတွင် ကြိုဆိုနေသူများက မနည်းမနောပင်။ မိန်းမကတော့ ဇာတိကိုပြန်ရတော့မည်ဖြစ်သဖြင့် ပျော်နေပေလိမ့်မည်။ “အဖမ်းမခံရတော့ပါဘူးကွာ” ဟု အမျိုးသမီးကို လှည့်ပြောရင်းလှေပေါ်သို့ တက်သည်ကို အမျိုးသမီးဖြစ်သူက “ရှင်ဘာလုပ်စားမလဲ စဉ်းစားထား” ဟူ၍ ငေါ့တော့တော့ ပြန်ပြောသဖြင့် လှေကလေးအတွင်း ရယ်သံများ ခပ်အုပ်အုပ်ထွက်သွားသည်။ နီစွေးနေသည့် ရေပြင်ကို တစ်မိနစ်ဝန်းကျင်သာဖြတ်သန်းလိုက်ရသည်။ ကိုအောင်ကျော်သူတို့ အပါအဝင် ထိုင်းနိုင်ငံမှ အထောက်အထားမဲ့ မြန်မာလုပ်သားများ ဇာတိမြေသို့ပြန်လည်ရောက်ရှိလာကြသည်။

“ဘာလုပ်စားကြမလဲဆိုတာ အခုမစဉ်းစားရသေးဘူး။ အိမ်ပြန်ပြီးသမီးလေးနဲ့ ကျွန်တော့်အမေကို တွေ့ဖို့ပဲ လောလောဆယ် စဉ်းစားထားတယ်” ဟု မေးမြန်းသူများကို ပြန်လည်ဖြေကြားရင်း အားပေးအပြုံးများဖြင့် ကြိုဆိုနေကြသူများကို ကိုအောင်ကျော်သူ အပါအဝင် လှေပေါ်မှတက်လာသူများက အားကိုးတကြီး ကြည့်သည်။ ပေးအပ်သည့် ထမင်းထုပ်များ၊ အအေးများ၊ သောက်ရေသန့်များကို ပျော်ရွှင်စွာယူသည်။ သူတို့၏ မျက်နှာဝယ် မယုံ သင်္ကာရှိမှုများ လျော့နည်းသွားသည်။ စိုးရိမ်ပူပန်မှုများ သက်သာသွားသည်။ သို့သော် အလုပ်အကိုင်အခွင့်အလမ်းများအတွက်တော့ သက်ပြင်းသံငွေ့ငွေ့ကို အများစုထံတွင် မြင်တွေ့ရသည်။

ယင်းမြင်ကွင်းသည် ဇွန်လ ၃၀ရက်နေ့ နံနက် ၉ နာရီခွဲတွင် ၉၉၉ နယ်စပ်ဂိတ်သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒုတိယအသုတ် အလုပ်သမားများပင်ဖြစ်သည်။ လှေပေါ်တွင် အမျိုးသမီး ၁၄ ဦးနှင့် အမျိုးသား ၅၅ ဦးတို့ လိုက်ပါလာခဲ့ကြပြီး ထိုတစ်နေ့တည်းတွင်ပင် လှေမှာထိုင်းနှင့် မြန်မာနှစ်နိုင်ငံကြား ရေပြင်တွင် လူးလာခေါက်ပြန် အကြိမ်ပေါင်းများစွာဖြင့် ထောင်နှင့်ချီသည့် နေရပ်ပြန်သူတို့ကို ပို့ဆောင်ပေးနေသည်။

ထိုင်းနိုင်ငံမှ မကြာသေးမီကာလက နိုင်ငံခြားသား အလုပ်သမားဥပဒေအား အသစ်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေသစ်အနေဖြင့် တရားမဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားများနှင့် အလုပ်ရှင်များကို စိစစ်တွေ့ရှိပါက ဖမ်းဆီး၍ ဒဏ်ငွေများနှင့် ထောင်ဒဏ်ငါးနှစ်အထိ ချမှတ်နိုင်သည့် အချက်များပါရှိသည်ကို တွေ့ရှိရသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ယင်းဥပဒေနှင့် ပတ်သက်၍ကြိုတင်သတိပေးထားခဲ့သော်လည်း ထိုင်းဘာသာစကားမတတ်ကျွမ်းမှု၊ ဥပဒေအကျိုးသက်ရောက်မည့် နေ့ရက်များကို သတိမမူမိမှုနှင့် လေ့လာမှုအားနည်းခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူခံရမှုများ များပြားလျက်ရှိသည်။

သို့သော် အခြေအနေအရပ်ရပ်ကြောင့် ထိုင်းဝန်ကြီးချုပ်က ဇွန် ၃၀ ရက်စွဲဖြင့် အထောက်အထားမဲ့ ပြည်ပမှလာရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများအား ရက်ပေါင်း ၁၂၀ အတွင်း မဖမ်းဆီးသေးကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ထိုင်းအာဏာပိုင်များသည် ဥပဒေစတင်အသက်ဝင်သည့် ဇွန်လ ၂၂ ရက်နေ့မှစ၍ တရားမဝင်အလုပ်သမားများအား စတင်ဖမ်းဆီးခဲ့ရာ ဇွန်လ ၂၉ ရက်နေ့တွင် မြဝတီ ၉၉၉ (ကိုးသုံးလုံး) ဂိတ်၌ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သကဲ့သို့ ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ အလုပ်သမား အများစုသည်လည်း နေရပ်ပြန်ကြရန် ပြင်ဆင်နေပြီဖြစ်သည်။

“ထိုင်းပြည်သူတွေက ကန့်ကွက်မှုတွေကြောင့် အလုပ်သမား ဥပဒေသစ်နဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ဇွန် ၂၉ ရက်မှာ အနည်းငယ်ဖြေလျှော့ပေးလိုက်ပါတယ်။ ပန်းရောင်ကတ်ကိုင်တဲ့ အလုပ်ရှင်မတူတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဖမ်းမှာမဟုတ်ဘဲ အမြန်ဆုံးလက်ရှိလုပ်ကိုင်နေတဲ့ အလုပ်ရှင်လက်အောက်ကို တရားဝင်ရွှေ့ပြောင်းကြဖို့နဲ့ ယာယီနိုင်ငံကူးလက်မှတ်အနီ ဒါမှမဟုတ် MOU နိုင်ငံကူးလက်မှတ် ခရမ်းရောင်ကိုင်ထားသူတွေ ဆိုရင်လည်း Work permit မရှိဘဲ အလုပ်လုပ်နေသူတွေကို ဖမ်းဦးမှာမဟုတ်ပါဘူး။ သူတို့တွေအနေနဲ့ အမြန်ဆုံးမိမိအလုပ်ရှင်၊ လုပ်ငန်းအမျိုးအစားတူ အလုပ်လုပ်ခွင့်လက်မှတ်တွေတော့ လုပ်ထားဖို့လိုအပ်မယ်” ဟု မြန်မာအလုပ်သမားအရေးဆောင်ရွက်သူ ဦးထူးချစ်က ဇွန် ၂၉ရက် က ပြောပြသည်။

ထိုင်းသတင်းများတွင် ဖော်ပြချက်များအရ မြန်မာအလုပ်သမားငါးထောင်ဝန်းကျင်ကို ဖမ်းဆီးထားကြောင်း ခန့်မှန်းသတင်းများရှိနေပြီး အများစုမှာ ထိုင်းအစိုးရ ထပ်မံထုတ်ပြန်သည့် သတင်းကိုမျှော်လင့်ရင်း ဆက်လက်စောင့်ဆိုင်းနေထိုင်သူများလည်း ရှိသေးသည်။

“ပြန်တာက ဖြစ်နိုင်တယ်။ ဒါပေမယ့် ကျွန်တော်တို့တွေ အားလုံးကို ပြန်ပို့ရင် သူတို့အလုပ်သမားတွေ ဘယ်ကရမလဲ။ သူတို့ထိခိုက်တာမျိုးတော့ ထိုင်းကလုပ်မှာမဟုတ်ပါဘူး။ တရားမဝင်က သိန်းနဲ့ချီရှိတာ။ အဲဒါတွေ အကုန်ပြန်ပို့ရင် သူတို့ပဲ ဒုက္ခရောက်မှာ။ ဒါကြောင့် အခြေအနေစောင့်ကြည့်နေတယ်။ ကျွန်တော်က အနီကိုင်ထားတော့ အချိန်ရတယ်လေ။ Work Permit ကတော့ မရှိဘူး။ ပြန်တော့မပြန်ချင်ဘူး။ ဖောင်ဖျက်ပြီး ထွက်လာခဲ့တာ။ ပိုက်ဆံမပါဘဲ မြန်မာနိုင်ငံ မပြန်ချင်သေးဘူး” ဟု အမျိုးသားတစ်ဦးကလည်း သူ့လူမှုကွန်ရက်တွင် ရေးသားထားသည်ကို မြင်တွေ့ရသည်။

မြန်မာအစိုးရအနေဖြင့် ထိုင်းဥပဒေပါအချက်အလက်များအရ အထောက်အထားမခိုင်လုံသူများကို တရားဝင် လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ကာ ပြန်လည်ခေါ်ယူနိုင်ရန် ထိုင်းအစိုးရထံသို့ အကြောင်းကြားမှုကို ဇွန် ၂၉ ရက်က ပြုလုပ်ခဲ့ပြီး နေရပ်ပြန်သူများ ခေတ္တတည်းခိုနိုင်ရေး၊ အိမ်ပြန်နိုင်ရေးတို့အတွက် အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ကာ မြန်မာအလုပ်သမား ကူညီရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ပြောကြားသည်။

လက်ရှိတွင် ဇွန် ၂၉ ရက်ကထုတ်ပြန်သည့် ထိုင်းအစိုးရ၏ ကြေညာချက်နှင့် ဇွန် ၃၀ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်များကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် ရွှေ့ပြောင်းမြန်မာအလုပ်သမားဦးရေ ကျဆင်းသွားနိုင်သော်လည်း ပြန်လည်ဝင်ရောက်လျက်ရှိသည့် ဇွန် ၂၉ ရက်နှင့် ၃၀ရက်များအတွင်း ဝင်ရောက်သူဦးရေ သောင်းဂဏန်းဝန်းကျင်ရှိနိုင်ကြောင်း၊ ထပ်မံ၍လည်း ပြည်တော်ပြန်ကြရန် ရည်ရွယ်သူများစွာရှိနေကြောင်း၊ အချို့သော မြန်မာအလုပ်သမားများမှာ နေရပ်မပြန်လိုသဖြင့် တိမ်းရှောင်မှုများ ပြုလုပ်နေသည်ကိုလည်း သိရှိရကြောင်း အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေသူများထံက သိရှိရသည်။

“ဘယ်လိုပဲဖြစ်ဖြစ် တရားဝင်ဖြစ်ရင်တော့ အကောင်းဆုံးပဲ။ တိမ်းရှောင်နေမယ်ဆိုရင် တခြားပြဿနာတွေ ဖြစ်လာနိုင်တယ်။ ကျွန်တော်တို့အနေနဲ့ ကိုယ့်တိုင်းပြည်ပြန်ပြီး အခြေအနေစောင့်ကြည့်တာက ပိုကောင်းမယ် ထင်ပါတယ်။ ထိုင်းအစိုးရအနေနဲ့လည်း ဒဏ်ငွေယူချင်ယူမှာ။ သူများနိုင်ငံသားကို ထောင်ထဲထည့်ပြီး အကြာကြီး မကျွေးထားချင်ပါဘူး။ ထောင်ကထွက်လာလည်း ပြန်ရမယ့်အတူတူ တရားဝင်ပြန်လာခွင့်ရအောင် ကိုယ့်တိုင်းပြည်ကနေ စောင့်ဆိုင်းသင့်တယ်။ အခုရက်ပေါင်း ၁၂၀ ပိုနေခွင့်ရမယ်ဆိုလည်း မနေဘဲ ပြန်လာပြီး တရားဝင်ဖြစ်အောင် သုံးလအတွင်း ကြိုးပမ်းကြည့်တာပိုကောင်းမယ်။ ဒီကနေကောင်းတဲ့သူဌေးဆိုလည်း နားလည်အောင်ပြောပြီး စနစ်တကျနဲ့ တရားဝင်ပြန်လာနိုင်ဖို့ အကူအညီအချိတ်အဆက် လုပ်ထားသင့်တယ်။ သူတို့အစိုးရနှစ်ဖက်ပြေလည်အောင်ညှိနှိုင်းနေတဲ့အချိန် ပြန်ရတာအကောင်းဆုံးဖြစ်မယ်”ဟု အလုပ်သမားအရေးဆောင်ရွက်သူ ကိုသစ်ထူးလူကလည်း ပြောပြသည်။

လက်ရှိတွင် ထိုင်းနိုင်ငံရောက် အလုပ်သမားအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတွင်းရှိ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများက ပြန်လည်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံရောက် အလုပ်သမားများကို နွေးထွေးစွာကြိုဆိုလျက်ရှိကြပြီး နေရပ်သို့ အဆင်ပြေချောမွေ့စွာပြန်လည်ရောက်ရှိရန် ကူညီပေးလျက်ရှိသည်ကို မြင်တွေ့ရပြီး ပြန်လည်ရောက်ရှိသူများအတွက် မြန်မာနိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး လုပ်ငန်းစဉ်များကိုလည်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံး ဝိုင်းဝန်းစဉ်းစားအဖြေရှာကြဖို့ လိုအပ်နေချိန်ဟုလည်း ရှုမြင်သုံးသပ်ရပါကြောင်း။



ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ မိမိနေရပ်သို့ပြန်လာကြစဉ်

**မြန်မာအစိုးရအနေဖြင့် ထိုင်းဥပဒေပါ အချက်အလက်များအရ အထောက်အထား မခိုင်လုံသူများကို တရားဝင်လမ်းကြောင်းမှ တစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်ကာ ပြန်လည်ခေါ်ယူနိုင်ရန် ထိုင်းအစိုးရထံသို့ အကြောင်းကြားမှုကို ဇွန် ၂၉ ရက်က ပြုလုပ်ခဲ့ပြီး နေရပ်ပြန်သူများ ခေတ္တတည်းခိုနိုင်ရေး၊ အိမ်ပြန်နိုင်ရေးတို့အတွက် အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ကာ မြန်မာအလုပ်သမားကူညီရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးလျက်ရှိ**

Forever Gems by ရွှေနန်းတော်

Discount Coupon

Welcome! Save on your Next Purchase

SAVE 3000ks-50,000ks

Sale 5 to 35% off

1st July 2017 to 30th September 2017

လူကြီးမင်းတို့၏ မွေးလတိုင်းအတွက် Julyလမှစ၍ Additional 5% Off

ORIGANIZED BY
myanmar GH we care your future
Myanmar Golden Hand

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့်

THE FIRST & THE LARGEST
DIGITAL INKJET PRINTING
SIGN EXPO IN MYANMAR (2017)

ကြိုတင် စာရင်းပေးသွင်းထားသော visitor များကို July လ(၁၅ - ၁၆)ရက် နှစ်ရက်တွင် Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။

HOT LINE : 09-777588878 , 09-777588898
Venue : Tamadaw Hall,U Wisara Road,Yangon.
Date : July 14th to 16th 2017
Time : 9:00 to 5:30

ပါဝင်ပြသမည့်ပစ္စည်းများ
- Digital Inkjet Machine
- HP Latex Printer
- Textile Printing Machine
- CNC Cutter Machine
- Laser Cutter Machine
- Display Products အမျိုးမျိုး
- UV Flatbed & Roll to Roll Machine

MAIN SPONSORS BY
GOLDEN HEROES COMPANY LIMITED
New Harmony Digital Inkjet Printing & Material

CO SPONSORS BY
ASP
MARS
iPentum TECHNOLOGY
EVER LUCKY
AUNG WONDER Trading Co., Ltd.
hp Designjet D5800

WIFI FREE
5BB BROADBAND

"ကျီးပေါင်းရောဂါဆိုလျှင် ဝုက်ရှိန်ထွန်းဆောက်ကြိုပြင်ကောက် ပေတ္တာပေါ်လွင် ရွှေသမင် ပွဲလယ်ဝုက်တင်သမားတော်ကြီးဦးရဲမြင့် ၏



"လန်းဆန်းပေါ့ပါး စိတ်လက်ကြည်လင် ကျီးပေါင်းဘုရင်ရွှေသမင်"

အမှတ်(၂)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-664636, 01-662065

ရွှေသမင်
အမှတ်တံဆိပ်
ကျီးပေါင်းရောဂါဆေးအားလုံးကိုသတိရလိုက်ပါ"

ရွှေသမင်ဆေးတိုက်မှအသစ်ထုတ်လုပ်သော

ဆေးခေါင်းအုံး- TMR ၀၁၂၈၈၄(၀၁၀၈) ဆေးစိမ်- TMR ၀၁၂၈၈၅(၀၁၀၈)

သက်ရှယ်ကြီးရင့် အသင့်ဆောင်ထား ရွှေသမင်ကျီးပေါင်းရောဂါ ဆေးစွမ်းကောင်းများကို အစဉ်တစိုက် ကျိုးပမ်းအားထုတ်လျက်ရှိသော ကျီးပေါင်းရောဂါ မူလပထမ ရွှေသမင်ဆေးတိုက်ကြီးကဆိုသော မေတ္တာတရားကိုထပ်ဆင့်၍ ယခုလည်းပင်းကျီးပေါင်းတက်ခြင်း ဂုတ်ကျောတက်ခြင်း၊ မူနောက်ရီဝေထိုင်းမှိုင်းခြင်း၊ ဖတ်လေးခြင်း၊ ခေါင်းအုံခြင်း၊ အုံးလွှဲခြင်းများအတွက် ဂုဏ်ထူးဆောင်အထူးထုတ်ဆေးခေါင်းအုံးနှင့် ခါးရိုးကျီးပေါင်းတက်ခြင်း၊ ခါးကိုက်ခါးနာ ခါးမျက်ခြင်းများအတွက် ဂုဏ်ထူးဆောင်ဆေးခါးပါတ်တို့ကို ထပ်မံ၍ထုတ်လုပ်လိုက်ပါသည်။

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09-776349905, 978578325, 01-371741, 240824

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၃၊ မြေယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
➤ သာကေတ၊ အောင်သုခ(၅)လမ်း၊ ရွှင်းသာအနီး
30'x60' အဆောက်အဦပါ၊ နေရာကောင်း
1300 သိန်း (ညှိနှိုင်းဈေး)
Ph: 09-797920009

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
➤ လန်း(၃၉)ကျပြီး မြေပြုပြင်ပြီး ရန်ကုန်-ပုသိမ်လမ်းအနီး
၄ မိုင်၊ မြေညီ၊ ဂိုဒေါင် အသေးစားစက်မှု/လက်မှု နေရာကောင်း
(၄) ဧက၊ ဧက ခွဲရောင်းသည်။ 1 Sqft = 3500 Ks
Ph: 09-797920009

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763




စင်ကာပူနိုင်ငံ ဆိပ်ကမ်းတွင် SGD600 ကျော်ရရှိနိုင်မည့်
(အထွေထွေလုပ်သား -Lashing) အဖြစ်တာဝန်ထမ်းဆောင်လိုသူများအတွက်
'အင်တာဗျူးဝင်အမြန်သင်တန်း' ပေးနေပြီ
သုခစုစ်သင်တန်းကျောင်း
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)၊
Ph:(01)377 343, 377 344, www.tkss.com.mm, Fb-thukhasusan111

ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း တက်လိုသူများ
Basic Engineering Course
(လျှပ်စစ်၊ဂဟေတပ်ဆင်၊ပိုက်ဆက်၊ဂဟေဆက်၊အဲယားကွန်း)အခြေခံ/ကျွမ်းကျင်သင်တန်းတက်လိုသူများ၊
ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရှိထားသော
သုခစုစ် ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
ပန်းဆိုးတန်းမှတ်တိုင်၊ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊တိုက်အမှတ်(၅၀၆)။
Ph : (01)377343, 377344, www.tkss.com.mm, Fb- thukhasusan111

၁၉၃၃ ခုနှစ် တည်ထောင်သည်
ရွှေမွန်းကောင်
အမှတ်တံဆိပ်



တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆတက(စာနယ်ဇင်း)၀၁/၁၂၁၃

အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချီရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ အထကဘုတလင်၊ တက္ကသိုလ်ဝင်တန်းမှ မနှင်းနုမွေး ၅/ဘတလ(နိုင်)၁၃၉၆၄၅ ၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးကျေးရွာ၊ အောင်မြင်သူကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝင်းနန္ဒာလွင်၏ ဖခင် ဦးမောင်သင်းနှင့် ဦးမြင့်သင်း ၅/စကန(နိုင်)၁၅၁၃၈၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်သင်း(ခ)ဦးမြင့်သင်း**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက(အင်းတော်) တက္ကသိုလ်ဝင်တန်း(H) မှ မနှင်းပွင့်ဖြူ၏ဖခင်အမည်မှန်မှာ ဦးမောင်ချင်း ၅/အတန(နိုင်)၁၁၃၉၂၂ ဖြစ်ပါကြောင်း။ **ဦးမောင်ချင်း**

### မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာနေ အထက (နတ်ကြီးချောင်)မှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဦးဆန်းသိန်း-ဒေါ်ဝင်းကြည်တို့၏သမီးများဖြစ်ကြသော မသက်ဖြိုးစံ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၅-၁၉၉၀ ဖြစ်ပြီး အဆိုပါကျောင်းမှ နဝမတန်းအောင်မြင်ပြီးသူ မမေဆွိ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၁၉၈၈ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မုံရွာမြို့နယ်၊ မင်းရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မသက်ဝေနွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ၅/မရန(နိုင်)၁၀၅၁၀၄ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

မကွေးမြို့၊ ဆားစည့်(အထက)(ခွဲ)မှ ဒုတိယတန်းအောင်မြင်ခဲ့သော (ဘ) ဦးစိုးညွှန့်လင်း (ခ) ဦးဇာလင်းမောင် ၈/မဘန(နိုင်)၀၆၀၈၀၈၏သား မောင်ထက်ဝေယံလင်း အား မောင်လမင်းပြည့်ဟုပြောင်းလဲခေါ်ပါရန်။ **မောင်လမင်းပြည့်**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် အထက (၄) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(D) တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းကြိုင် ၉/မထလ(နိုင်)၀၇၅၇၉၂ ၏သား မောင်ထင်သာယမင်းပိုက်၏ အမည်မှန်မှာ အိမ်ထောင်စုဇယားအရ မောင်ထင်သာယဉ်မင်းပိုက် ဖြစ်ပါကြောင်း။ **မောင်ထင်သာယဉ်မင်းပိုက်**

### မိဘအမည်မှန်

မုံရွာပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ အဋ္ဌမတန်းအောင်မှ မောင်ဟိန်းထက်အောင်နှင့် သတ္တမတန်းမှ မောင်ပြည့်ဖြိုးသန့်တို့၏ မိဘအမည်မှန်မှာ ဦးခင်မောင်မြင့် ၅/မရန(နိုင်)၀၈၀၆၁၅နှင့် ဒေါ်မျိုးဆွေ ၅/မရန(နိုင်)၁၄၂၆၆၈ ဖြစ်ပါသည်။

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်
## (ရန်ကုန်၊ မန္တလေး)
## ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
(ဂ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့် အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

| အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|
| (က) ဂီတပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| (ခ) သဘင်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| (ဂ) ပန်းချီပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) ပန်းပုပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
